# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# (၁၃) ရက်မြောက်နေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | ချီဖွေမြို့နယ်၊ နယ်စပ်ကန်းဖန့်ကျေးရွာအုပ်စု၊ မိုရီးဒီးငွေ့ချန်းချောင်းကူးတံတား ပေ ၁၆၀ ခန့်ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် သံပေါင်ဘေလီတံတားအဖြစ် တိုးမြှင့်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၆ | ခေါင်လန်ဖူးမြို့နယ်တွင် ပြည်သူများ အားကိုးအားထားပြုသွားလာနေသည့် လော်ဝူးချီလာအဝင် တံတားနှင့် အထွက်တံတားအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဘေလီသံပေါင် သို့မဟုတ် ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၆ |
| ၇ | 2KR-2012 စီမံကိန်းသည် တည်ဆဲဥပဒေများ၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှုရှိ၊ မရှိ စုဆောင်းရရှိငွေများအား စီးပွားရေးနှင့် လူမှုရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုကောင်းမွန်မှုတသော စီမံခန့်ခွဲအုပ်ချုပ်မှုဖြစ်စေရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း | ၈ |
| ၈ | လက်ပံတန်းမြို့နယ်၊ ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်ခဲ့သော စီမံကိန်းများကြောင့် တောင်သူများ၏ လယ်မြေများနစ်နာဆုံးရှုံးမှုအတွက် လျော်ကြေးငွေ ပေးအပ်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၁၄ |
| ၉ | ၁၉၇၀ ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမအသင်းဥပဒေအရ ဖွဲ့စည်းခဲ့သော သမဝါယမ အသင်းများ ပိုင်ဆိုင်သည့်မြေနှင့် အခြားပိုင်ဆိုင်မှုများကို ၁၉၉၂ ခုနှစ် သမဝါယမအသင်းဥပဒေအရ ဖွဲ့စည်းခဲ့သော သမဝါယမအသင်းတချို့က စီမံခန့်ခွဲကာ အကျိုးအမြတ်ခံစားနေမှုများကို ပြည်ထောင်စုစာရင်းစစ်ချုပ်က ပြန်လည်စစ်ဆေးပြီး ၁၉၇၀ ခုနှစ် သမဝါယမအသင်းများ၏ ပိုင်ဆိုင်မှုများကို | ၁၈ |

မူလပိုင်ဆိုင်သူများအတွက် ပြန်လည်အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း

၁၀ ပဲခူးခရိုင်အတွင်းရှိ ပဲခူးမြို့နယ်၊ ဝေါမြို့နယ်၊ သနပ်ပင်မြို့နယ်နှင့် ကဝမြို့နယ်များ နွေစပါး စိုက်ပျိုးရေးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ မိုင်(၃၀) စိမ်းလန်းစိုပြည်ရေး စီမံကိန်းအတွက် ရေကို အချိန်အခါမီ လုံလောက်စွာ သိုလှောင်ထိန်းသိမ်း ဖြန့်ဝေ ပေးနိုင်ရန်အတွက် စစ်ပင်ဆိပ်ချောင်းတွင် ရေတံခါးတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၂၇

၁၁ ဆီဆိုင်မြို့နယ်၊ အနောက်မြောက်ခြမ်း တောင်ကြီးမြို့နယ်နှင့် ဆက်စပ်ဒေသဖြစ်သော ဆိုက်ခေါင်-နောင်ဆံဗတ်-နောင်ကဖား-ပုံးလောင်း-နောင်လုံ(မြောက်) ကျေးလက်လမ်း အား မြေသားလမ်း သဲပြုန်းခင်းခြင်း သို့မဟုတ် ကျောက်ချောလမ်းအဖြစ် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း ၃၀

၁၂ ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်းပိုင်းတွင် ကွန်ကရစ်လမ်းခင်းရန် ကျန်ရှိနေ သေးသည့် ၁၅ မိုင် ၆ ဖာလုံ ကို ၂၀၁၉-၂၀၂၀ ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၃၂

၁၃ သိန္နီမြို့နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းအတွက် ၂၀၂၀-၂၀၂၁ စီမံကိန်းတွင် မြို့နယ်ရုံးတစ်ထပ်ဆောင် ဆောက်လုပ်ခြင်း၊ အချုပ်ခန်းတစ်လုံး ဆောက်လုပ်ခြင်းနှင့် လူနေအိမ်လိုင်းခန်းဆောက်လုပ်ခြင်းတို့ကို ဆောင်ရွက် ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း ၂၈

၁၄ ရပ်စောက်မြို့နယ်၊ ပါမဲကျေးရွာအုပ်စု၊ ထင်းကွင်း-လယ်မီး-နန့်ဟူးကျေးရွာ ချင်းဆက်လမ်းပေါ်ရှိ ဇော်ဂျီချောင်းကူး သစ်သားတံတား (၁၇၅ x ၁၄ x ၂၂ ပေ) အား သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၃၄

၁၅ ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ အင်ရုံ-နားပဲ့-မောင်းတုန်းလမ်းမှ ကျန်ရှိနေသော လမ်းမိုင်ခြောက်မိုင် ခန့်အား မည်သည့်ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း ၃၅

၁၆ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီကတင်သွင်းသည့် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊ ၃၈

၁၇ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း၊ ၃၉

၁၈ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိပြန်လည်ပေးပို့သော တရားလွှတ်တော်ရှေ့နေများ ကောင်စီရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့် စပ်လျဉ်း၍ လက်ခံ ရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊ ၃၉

၁၉ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန်အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အတည်ပြုချက်ရယူခြင်း ၄၇

၂၀ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးပြီးစီးကြောင်းကြေညာခြင်း ၅၀

# ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၅) ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၁၃)ရက်မြောက်နေ့ အစီအစဉ်

## (၂၅-၃-၂၀၂၀ ) (ဗုဒ္ဓဟူးနေ့)  နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးဇုံးတိန့်၊ ချီဖွေ မဲဆန္ဒနယ်၏ **ချီဖွေမြို့နယ်၊ နယ်စပ်ကန်းဖန့်ကျေးရွာ အုပ်စု၊ မိုရှီးဒီးငွေ့ါချန်း ချောင်းကူးတံတား ပေ(၁၆၀)ခန့်ကို ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ်တွင် သံပေါင်ဘေလီတံတားအဖြစ် တိုးမြှင့်တည်ဆောက် ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးအာမိုးဆီ၊ ခေါင်လန်ဖူး မဲဆန္ဒနယ်၏ **ခေါင်လန်ဖူးမြို့နယ်တွင် ပြည်သူများ အားကိုးအားထားပြု သွားလာနေသည့် လော်ဝူးချီလာ အဝင်တံတားနှင့် အထွက်တံတားအား ၂၀၁၉-၂၀၂၀ တွင် ဘေလီသံပေါင် သို့မဟုတ် ကွန်ကရစ် တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသန့်ဇင်ထွန်း၊ ဒက္ခိဏသီရိ မဲဆန္ဒနယ်၏ **2KR–2012 စီမံကိန်းသည် တည်ဆဲဥပဒေများ၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှု ရှိ၊ မရှိ၊ စုဆောင်းရရှိငွေများအား စီးပွားရေးနှင့် လူမှုရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုကောင်းမွန်မျှတသော စီမံခန့်ခွဲအုပ်ချုပ်မှု ဖြစ်စေရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** တို့နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးကျော်မင်း၊ လက်ပံတန်း မဲဆန္ဒနယ်၏ **လက်ပံတန်းမြို့နယ်၊ ဆည်မြောင်း ဦးစီးဌာနမှ ဆောင်ရွက်ခဲ့သော စီမံကိန်းများကြောင့် တောင်သူများ၏ လယ်မြေများ နစ်နာဆုံးရှုံးမှုအတွက် လျော်ကြေးငွေပေးအပ်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးတင်ကိုကိုဦး(ခ)ဦးအတွတ်၊ ဘီးလင်း မဲဆန္ဒနယ်၏ **၁၉၇၀ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်းဥပဒေအရ ဖွဲ့စည်းခဲ့သော သမဝါယမ အသင်းများ ပိုင်ဆိုင်သည့်မြေနှင့် အခြားပိုင်ဆိုင်မှုများကို ၁၉၉၂ ခုနှစ် သမဝါယမအသင်း ဥပဒေအရ ဖွဲ့စည်းခဲ့သော သမဝါယမအသင်း တချို့က စီမံခန့်ခွဲကာ အကျိုးအမြတ် ခံစားနေမှုများကို ပြည်ထောင်စုစာရင်းစစ်ချုပ်က ပြန်လည်စစ်ဆေးပြီး ၁၉၇၀ ခုနှစ် သမဝါယမအသင်းများ၏ ပိုင်ဆိုင်မှု များကို မူလပိုင်ဆိုင်သူများအတွက် ပြန်လည်အသုံးပြုနိုင်ရေး ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **ပဲခူးခရိုင်အတွင်းရှိ ပဲခူး၊ ဝေါ၊ သနပ်ပင် နှင့် ကဝမြို့နယ်များ နွေစပါးစိုက်ပျိုးရေးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ မိုင် (၃၀) စိမ်းလန်းစိုပြည်ရေးစီမံကိန်းအတွက် ရေကိုအချိန်အခါမီ လုံလောက်စွာ သို့လျောင်ထိန်းသိမ်း ဖြန့်ဝေပေးနိုင်ရန်အတွက် စစ်ပင်ဆိပ်ချောင်းတွင် ရေတံခါး တစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးခွန်သန်းထူး ၊ ဆီဆိုင် မဲဆန္ဒနယ်၏ **ဆီဆိုင်မြို့နယ်၊ အနောက်မြောက်ခြမ်း တောင်ကြီးမြို့နယ်နှင့် ဆက်စပ်ဒေသဖြစ်သော ဆိုက်ခေါင်-နောင်ဆံဗတ်- နောင်ကဖား- ပုံးလောင်း- နောင်လုံ(မြောက်) ကျေးလက်လမ်းအား မြေသားလမ်း သဲပြုန်းခင်းခြင်း သို့မဟုတ် ကျောက်ချောလမ်းအဖြစ် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အဆင့်မြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **ပုဏ္ဏားကျွန်း-ရသေ့တောင် လမ်းပိုင်းတွင် ကွန်ကရစ်လမ်းခင်းရန် ကျန်ရှိနေသေးသည့် (၁၅ မိုင် ၆ ဖာလုံ) ကို ၂၀၁၉-၂၀၂၀ ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဈ) ဦးခင်မောင်မြင့် ၊ ရပ်စောက် မဲဆန္ဒနယ်၏ **ရပ်စောက်မြို့နယ်၊ ပါမဲကျေးရွာ အုပ်စု၊ ထင်းကွင်း- လယ်မီး- နန့်ဟူးကျေးရွာချင်းဆက်လမ်းပေါ်ရှိ ဇော်ဂျီချောင်းကူး သစ်သားတံတား (၁၇၅×၁၄×၂၂) ပေအား သံကူကွန်ကရစ် တံတားအဖြစ် အဆင့်မြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ည) ဦးနေထက်ဝင်း၊ ဆင်ပေါင်ဝဲ မဲဆန္ဒနယ်၏ **ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ အင်ရုံ- နားပဲ့- မောင်းတုန်းလမ်းမှ ကျန်ရှိနေသော လမ်းမိုင် (၆) မိုင်ခန့်အား မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီက တင်သွင်းသည့် **"နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော **" အခွန်အယူခံ ခုံအဖွဲ့ နည်းဥပဒေများ"** နှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော **“တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများ”** နှင့် စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၉။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်၊

(ခ) ဗိုလ်မှူးဝင်းမင်းထွန်း၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊

၁၀။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၁၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားခြင်း၊

၁၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## (၁၃)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်

## (၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၅ ရက်)

## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင် ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦးရှိသည့်အနက် ၃၉၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၄၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၃) ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ ယခုအစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးသောင်းငွေလင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၅ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးသောင်းငွေလင်း၊ ပုသိမ်ကြီးမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၁ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၄ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၂၁ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဥာဏ်လင်း ခွင့် ၁ ရက်၊

(၂) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၁ ရက်၊

(၃) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၁ ရက်၊

(၄) ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင် ခွင့် ၁ ရက်၊

(၅) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၂ ရက်၊

(၆) အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ခွင့် ၁ ရက်၊

(၇) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၁ ရက်၊

(၈) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၉) လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မို့မို့အောင် ခွင့် ၁ ရက်၊

(၁၀) မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း ခွင့် ၁ ရက်၊

(၁၁) ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ခွင့် ၁ ရက်၊

(၁၂) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၁ ရက်၊

(၁၃) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၁ ရက်၊

(၁၄) ဧယျာဝတီရိုမဲဆန္ဒနယ်မှ ဦးလှငွေးဝင်း ခွင့် ၁ ရက်၊

(၁၅) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင် ခွင့် ၁ ရက်၊

(၁၆) အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး ခွင့် ၁ ရက်၊

(၁၇) ငါန်းဇွန်မဲဆန္ဒနယ်မှ ဦးမင်းသိန်း ခွင့် ၁ ရက်၊

(၁၈) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၂ ရက်၊

(၁၉) သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ခွင့် ၁ ရက်၊

(၂၀) တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့် ခွင့် ၂ ရက်နှင့်

(၂၁) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၆ ဦး၊ယနေ့ခွင့်ပန်ကြားသူ ၂၁ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၃၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၆ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၁ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၃၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၅) ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ချီဖွေမြို့နယ်၊ နယ်စပ်ကန်းဖန့်ကျေးရွာအုပ်စု၊ မိုရှီးဒီးငေါ့ချန်းချောင်းကူးတံတား ပေ ၁၆ဝ ခန့်ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် သံပေါင်ဘေလီတံတားအဖြစ် တိုးမြှင့်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချီဖွေမဲဆန္ဒနယ်မှ ဦးဖုံးတိန့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖုံးတိန့်(ချီဖွေမဲဆန္ဒနယ်)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးအား အမှူးပြု၍ အားလုံးကိုမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖုံးတိန့်ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်သည် တိုင်းရင်းသားလက်နက်ကိုင် ကချင်အထူးဒေသ(၁)အဖွဲ့အစည်းကို ယုံကြည်မှုတည်ဆောက်၍ ထာဝရငြိမ်းချမ်းရေးရယူကာ ဥပဒေဘောင်နှင့်အညီ အသွင်ကူးပြောင်းထားသော ဒေသတစ်ခုလည်းဖြစ်ပါတယ်။ ထိုဒေသထဲမှ ချီဖွေမြို့နယ်တွင် ယခင်ပါလီမန်ခေတ်တွင် ဖီမော်၊ ဂလန်၊ ကန်းဖန့်ဒေသအချို့ကို တရုတ်နိုင်ငံသို့ လွှဲအပ်ခဲ့ပါတယ်။ ဤကဲ့သို့လွှဲအပ်ခဲ့သောဒေသများသည် ယခုအခါ လမ်းတံတားများ ဖွံ့ဖြိုးတိုးတက်ခဲ့သော်လည်း မြန်မာနိုင်ငံဘက် ကျန်ရှိနေသော ဖီမော်၊ ဂလန်၊ ကန်းဖန့်ဒေသတို့သည် ဆင်းရဲနွမ်းပါးလျက်ရှိသည်ကို တွေ့ရှိရပါတယ်။ ထိုကျန်ရှိနေသော နယ်စပ်ကန်းဖန့်ကျေးရွာအုပ်စုရှိ မိုရှီးဒီးငေါ့ချန်းချောင်းကူးတံတား ပေ ၁၆ဝ ခန့်သည် ပြည်သူများကိုယ်ထူကိုယ်ထ သစ်လုံးဘောင်တင်ထားသောတံတားဖြင့် မော်တော်ကားနှင့် လူတွေသွားလာနေကြတာဖြစ်ပါတယ်။ သစ်လုံးဘောင်များဟာ ဆွေးမြည့်၍ အန္တရာယ်များရှိလာနေတဲ့အတွက်ကြောင့် ၎င်းတံတားကို တည်ဆောက်ပေးရန် ယခင်လည်း တင်ပြခဲ့ပြီးဖြစ်သော်လည်း နယ်စပ်ရေးရာဝန်ကြီးဌာနတွင် ဘတ်ဂျက်အားနည်းနေမှုကြောင့် မဆောင်ရွက်နိုင်သေးနိုင်ကြောင်းကိုလည်း သိရှိရပါတယ်။ ဒါကြောင့် အဆိုပါ နယ်စပ်ကန်းဖန့်ကျေးရွာအုပ်စုရှိ မိုရှီးဒီးငေါ့ချန်းချောင်းကူးတံတား ပေ ၁၆ဝ ခန့်ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် သံပေါင်ဘေလီတံတားအဖြစ် တိုးမြှင့်

တည်ဆောက်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိကို ဒေသခံပြည်သူများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ အားလုံးမင်္ဂလာပါ။ ကျွန်တော် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်မှ ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇုံးတိန့်ရဲ့ ချီဖွေမြို့နယ်၊ နယ်စပ်ကန်းဖန့်ကျေးရွာအုပ်စု၊ မိုရှီးဒီးငေါ့ချန်းချောင်းကူးတံတား ပေ ၁၆၀ ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ သံပေါင်ဘေလီတံတားအဖြစ် တိုးမြှင့်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းအပေါ်မှာ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ချီဖွေမြို့နယ်၊ နယ်စပ်ကန်းဖန့်ကျေးရွာအုပ်စုဟာ ချီဖွေမြို့ရဲ့အနောက်မြောက်ဘက် ၉၆ မိုင်အကွာမှာ တည်ရှိပါတယ်။ မိုရှီးတီးကျေးရွာမှာ အိမ်ခြေ ၄၆ အိမ်၊ လူဦးရေ ၂၉၆ ဦး၊ ဟီတြာတူကျေးရွာမှာ အိမ်ခြေ ၄၉ အိမ်၊ လူဦးရေ ၂၃၃ ဦး၊ ငွါးဖခါးကျေးရွာတွင် အိမ်ခြေ ၄၂ အိမ်၊ လူဦးရေ ၂၆၅ ဦး စုစုပေါင်းအိမ်ခြေ ၁၃၀ နဲ့ လူဦးရေ ၇၉၄ ဦး နေထိုင်ကြောင်း လည်းတွေ့ရှိရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတဲ့ မိုရှီးဒီးငေါ့ချန်းချောင်းကူး သစ်သားတံတား ပေ ၁၆၀ ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ကျေးရွာပြည်သူလူထုက လမ်းပန်းဆက်သွယ်ရေး လွယ်ကူစေရေးအတွက် ကိုယ်ထူကိုယ်ထသစ်လုံးဘောင်တင်၍ တည်ဆောက်ထားခြင်းအဖြစ်ကိုလည်း စစ်ဆေးတွေ့ရှိရပါတယ်။

အဆိုပါချောင်းကူးတံတားဟာ နှစ်ကာလကြာမြင့်လာတာနဲ့အမျှ သစ်သားများ ဆွေးမြည့်လာခြင်း၊ ချောင်းရေတိုက်စားပြီး တိုင်အောက်ခြေများပျက်စီးနေခြင်းတို့ကြောင့် လာမယ့်မိုးတွင်းကာလမှာ ပိုမိုဆိုးရွားစွာပျက်စီးနိုင်တဲ့အတွက် ၎င်းတံတားအား နှစ်လွှာတစ်ထပ် သံပေါင်ဘေလီတံတားအဖြစ် အသစ်တည်ဆောက်ပေးရန်လိုအပ်ကြောင်းလည်း စစ်ဆေးတွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ချီဖွေမြို့နယ်၊ နယ်စပ်ကန်းဖန့်ကျေးရွာအုပ်စု၊ မိုရှီးဒီးငေါ့ချန်းချောင်းကူးသစ်သားတံတား ပေ ၁၆၀ ကို သံပေါင်ဘေလီတံတားအဖြစ် တိုးမြှင့်တည်ဆောက်ပေးရန်နှင့်ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်နှင့်အတူ မြို့နယ်/ခရိုင်ဖွံ့ဖြိုးမှုကော်မတီများ၊ မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများက မြေပြင်ကွင်းဆင်းစစ်ဆေးပေးဖို့လိုပါတယ်။ ထို့အပြင်ပဲ ကျွန်တော်တို့အနေနဲ့ ဆောက်လုပ်ရေးသုံးပစ္စည်းများ သယ်ယူရွှေ့ပြောင်း

နိုင်မှုရှိ/မရှိ၊ လုပ်သားရရှိနိုင်မှု၊ ရာသီဥတုကန့်သတ်ချက်များအပေါ်မှာ သုံးသပ်စိစစ်၍ ကျွန်တော်တို့ ကချင်ပြည်နယ်အစိုးရအဖွဲ့ကို ထောက်ခံချက်ဖြင့်တင်ပြပြီး သတ်မှတ်စီမံကိန်းအဆိုပြုလွှာဖြင့် တင်ပြလာမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ လျာထားချက်တွင် ထည့်သွင်းလျာထားပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ခေါင်လန်ဖူးမြို့နယ်တွင် ပြည်သူများ အားကိုးအားထားပြုသွားလာနေသည့် လော်ဝူးချီလာ အဝင် တံတားနှင့် အထွက်တံတားအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဘေလီသံပေါင် သို့မဟုတ် ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအာမိုးဆီ(ခေါင်လန်ဖူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီ ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းကို ကျွန်တော် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် မေးမြန်းထားတဲ့ မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။ ကျွန်တော့်အနေဖြင့် ခေါင်လန်ဖူးမြို့နယ်တွင် ပြည်သူများ အားကိုးအားထားသွားလာနေသည့် လော်ဝူးချီလာကျေးရွာအဝင်တံတားနှင့် ကျေးရွာအထွက် တံတားနှစ်စင်းအား ဘေလီသံပေါင်တံတား သို့မဟုတ် ကွန်ကရစ်တံတားအဖြစ် လာမည့်ဘဏ္ဍာရေး နှစ်တွင် ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ခေါင်လန်ဖူးမြို့နယ်တွင် မြန်မာနိုင်ငံ၏မြောက်ဘက်အကျဆုံးတွင် တည်ရှိပြီး ပင်လယ်ရေမျက်နှာ ပြင်အထက် အမြင့်ပေ ၄၆၈၀ တွင်တည်ရှိကာ ဧရိယာစတုရန်းမိုင်ပေါင်း ၂၀၈၃.၃၉ ကျယ်ဝန်းပြီး လူဦးရေအားဖြင့် ၁၇၀၀၀ ကျော် နေထိုင်တဲ့မြို့နယ်ဖြစ်ပါတယ်။ ခေါင်လန်ဖူးမြို့နယ်သည် အဓိက အားဖြင့် ပူတာအို-မကွယ်ဇက်-ခေါင်လန်ဖူးလမ်း ၁၃၀/၄ မိုင်၊ ခေါင်လန်ဖူးမြစ်သားကြီးလမ်း ၅၅ မိုင်၊ ခေါင်လန်ဖူးလဂျယ်ကားလမ်း ၆၅ မိုင်၊ ခေါင်လန်ဖူးဂျီဇောလမ်း ၇၄ မိုင်နှင့် ခေါင်လန်ဖူးမှ ရှိန်းခေါင် အထိ ၈၅ မိုင်ခန့်ရှိသည့်လမ်းများရှိပြီး အဆိုပါလမ်းများအနက် နယ်ချမှတ်တိုင် (၃၁)တွင် သွားတဲ့ ခေါင်လန်ဖူးရှေ့ခေါင်လမ်းသည် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ နယ်မြေလုံခြုံ ရေးကို ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ အဓိကအသုံးပြုသွားလာနေတဲ့ လမ်းမကြီးပေါ်တွင် ရှိသည့် လော်ဝူးချီလာကျေးရွာအဝင်တံတားနှင့် ကျေးရွာအထွက်တံတားနှစ်စင်းတို့မှာ ဒေသခံ ပြည်သူနှင့် နယ်မြေလုံခြုံရေးကို တာဝန်ယူပြီး တာဝန်ထမ်းဆောင်နေသည့် ပြည်သူများအတွက် မရှိမဖြစ် အရေးကြီးတဲ့တံတားနှစ်စင်းဖြစ်နေသည်ကို တွေ့ရှိရပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် တွင်

မိုးအဆက်မပြတ်ရွာသွန်းခြင်းကြောင့် ရေကြီးပြီး မြေပြိုခြင်းများဖြစ်ပေါ်ခဲ့သဖြင့် အဆိုပါ တံတားနှစ်စင်းစလုံး ရေထဲမျောပါသွားသည့်အတွက် ၂၀၁၉ ခုနှစ် မိုးတွင်းကာလတွင် အသွားအလာ ပြတ်တောက်သွားပြီး ဒေသခံပြည်သူများနှင့် အဆိုပါလမ်းမကြီးကိုအသုံးပြုသွားလာနေကြတဲ့ ဌာနဆိုင်ရာနှင့် ပြည်သူများ နယ်မြေလုံခြုံရေးကို ဆောင်ရွက်နေတဲ့အဖွဲ့အစည်းများ ခရီးသွားလာ ရာတွင် များစွာခက်ခဲစွာသွားလာနေကြတာကို တွေ့ရှိရပါတယ်။ ဝန်ကြီးဌာနမှ အဲဒီလမ်းကို အမြန်ဆုံးပြန်လည်တည်ဆောက်ပေးရန် ပြည်သူလူထုမှ မကြာခဏတင်ပြတောင်းဆိုနေသည့် လမ်းလည်းဖြစ်ပါတယ်။ ဘယ်လောက်ခက်ခဲတယ်ဆိုတာ ကျွန်တော် Power Point မှာ တင်ပြထား တဲ့အတိုင်း တွေ့မြင်ရမှာဖြစ်ပါတယ်။ အဆိုပါတံတားများ ရေထဲမျောပါသွားတဲ့အခါ လူနှင့်တိရစ္ဆာန် များ မကြာခဏရေထဲမျောပါသွားတဲ့အတွက် ဒေသခံပြည်သူလူထုများ အသက်ဆုံးရှုံးမှု များစွာဖြစ်ပေါ်ခဲ့ကြသည့်အပြင် စားနပ်ရိက္ခာပြတ်လပ်မှု မကြာခဏကြုံတွေ့နေရပါတယ်။ အဆိုပါ ကျေးရွာတွင်ရှိသည့် ဒေသခံမိဘပြည်သူများက ကိုယ်ထူကိုယ်ထဖြင့် သစ်သားတံတား သို့မဟုတ် သစ်လုံးများ၊ ဝါးလုံးများဖြင့် တည်ဆောက်ကာ ခက်ခဲစွာသွားလာနေကြသော်လည်း ရေကြီးဒဏ် ခံနိုင်အောင် တည်ဆောက်နိုင်ရန် ကျေးရွာတွေ ရန်ပုံငွေမရှိခြင်း၊ လူအင်အားနှင့် နည်းပညာအခက် အခဲကြောင့် မကြာခဏရေထဲမျောပါသွားသည်ကို စိတ်မကောင်းစွာ တွေ့ရှိနေရပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါလမ်းမကြီးအား အားကိုးအားထားအသုံးပြုသွားလာနေကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ နှင့် သက်ဆိုင်ရာဒေသခံနယ်မြေလုံခြုံရေးဆောင်ရွက်နေကြသည့် တာဝန်ရှိပုဂ္ဂိုလ်များ အဆင်ပြေစွာ သွားလာနိုင်ရန်နှင့် အကျိုးရှိစွာအသုံးပြုနိုင်ရန်အတွက် အဆိုပါတံတားနှစ်စင်းအား လာမည့် ဘဏ္ဍာရေးနှစ်တွင် ဘေလီသံပေါင် သို့မဟုတ် ကွန်ကရစ်တံတားများအား အမြန်ဆုံးတည်ဆောက် ပေးရန်အစီအစဉ်ရှိ/မရှိ ပြည်သူလူထုများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ ကျွန်တော် ကချင် ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီရဲ့ ခေါင်လန်ဖူး မြို့နယ်မှာ ပြည်သူများ အားကိုးအားထားပြုသွားလာနေသည့် လော်ဝူးချီလာ အဝင်တံတားနှင့် အထွက်တံတားအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဘေလီသံပေါင် သို့မဟုတ် ကွန်ကရစ်တံတား အဖြစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်ပြီးတော့ နယ်စပ်ရေးရာဝန်ကြီး ဌာနအနေနဲ့ကတော့ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့ နေရာမှာ သတ်မှတ်အရည်အသွေးပြည့်မီစေရေးနှင့် ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့

စေရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်လိုတဲ့ စီမံကိန်းလုပ်ငန်းများကို တင်ပြတောင်းခံရာမှာ အဆိုပြုရမည့် စီမံကိန်းအဆိုပြုလွှာနမူနာပုံစံများကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များကို ဖြန့်ဝေထားရှိပြီး ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတဲ့ ခေါင်လန်ဖူးမြို့နယ် လော်ဝူးချီလာအဝင်တံတားဟာ ခန့်မှန်းပေ ၁၄၀ နှင့် အထွက်တံတားဟာ ခန့်မှန်းပေ ၂၀၀ ရှိကြောင်း သိရှိရပေမဲ့လည်း အသေးစိတ်ကွင်းဆင်းဆောင်ရွက်မှသာ အမှန်တကယ် တည်ဆောက်ရမယ့်တံတားအတိုင်းအတာကို သိရှိနိုင်မှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ခေါင်လန်ဖူးမြို့နယ် လော်ဝူးချီလာအဝင်တံတားနှင့် အထွက်တံတားအား ဘေလီသံပေါင် သို့မဟုတ် ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဒေသတာဝန်ရှိသူများမှ မြေပြင်ကွင်းဆင်းစိစစ်၍ ကချင်ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြပေးရန်လိုအပ်မှာဖြစ်ပါတယ်။ တင်ပြပေးမှသာ ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ဒေသ၏တင်ပြချက်ပေါ်စိစစ်၍ သတ်မှတ်စီမံကိန်းအဆိုပြုလွှာပုံစံဖြင့် ဆက်လက်ထောက်ခံတင်ပြလာပါက ဘဏ္ဍာငွေရရှိမှုပေါ်မူတည်ပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စုရန်ပုံငွေဖြင့် အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေအဆိုပြုထည့်သွင်းလျာထားပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**2KR–2012 စီမံကိန်းသည် တည်ဆဲဥပဒေများ၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှုရှိ၊ မရှိ စုဆောင်းရရှိငွေများအား စီးပွားရေးနှင့် လူမှုရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုကောင်းမွန်မှုတသော စီမံခန့်ခွဲအုပ်ချုပ်မှုဖြစ်စေရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန့်ဇင်ထွန်း(ဒက္ခိဏသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဒက္ခိဏသီရိမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒက္ခိဏသီရိမြို့နယ်၊ ရန်အောင်မြင်ကျေးရွာမှာ ဂျပန်နိုင်ငံ၏အထောက်အပံ့ဖြင့် စားနပ်ရိက္ခာဖူလုံရေးစီမံကိန်း (2KR–2012)ကို ၂၀၁၄–၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ ဆောင်ရွက်ခဲ့ကြောင်း ၂၆–၆–၂၀၁၉ ရက်စွဲဖြင့် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၇)လယ်ယာစခန်း လယ်ဝေးမြို့က ရေးဆွဲတင်ပြတဲ့ 2KR–2012

စီမံကိန်းမှစုဆောင်းရရှိသော Counterpart fund အား စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်မည့်စီမံချက်မှာ ဖော်ပြထားပါတယ်။ စာရင်းများအရ ရန်အောင်မြင်ကျေးရွာသို့ ထွန်စက် ၃၃ စီး၊ စက်ကိရိယာ ၃၃ လက်နှင့် ရိတ်ခြွေစက်လေးစီး ပေးထားကြောင်းနဲ့ ရရှိသောစက်ငှါးရမ်းခများကိုဌာနရဲ့ F.65 Account မှာစုဆောင်းထားရှိကြောင်း သိရပါတယ်။ စက်ငှားရမ်းခဝင်ငွေစုစုပေါင်းမှာ ၂၈၆.၃၃၃၁၆၅ ကျပ်သန်းဖြစ်ကြောင်း ဖော်ပြထား ပါတယ်။

မြေပြင်စုံစမ်းသိရှိမှုများအရ ရန်အောင်မြင်ကျေးရွာသို့ ထွန်စက်အသစ်တစ်စီးနဲ့ဖောကား အသစ်တစ်စီး အခြားကျေးရွာများသို့လည်း လက်တွန်းထွန်စက်များပေးထားကြောင်း သိရ ပါတယ်။ အဆိုပါစက်ယန္တရားများမှာ စာရင်းမှာပါဝင်မှုမရှိပါ။ ဝင်ငွေရသုံးများမည်သို့ရှိသည်ကိုလည်း မသိရပါ။ စက်ငှါးရမ်းခဝင်ငွေများမှာ ထိုထက်ပိုမိုကြောင်း ရွာသူရွာသားများကပြောဆိုကြပါတယ်။ 2KR–2012 စီမံကိန်းဟုဆိုသော်လည်း စုဆောင်းငွေရရှိမှုအခြေအနေဖြင့် ၂၀၁၄–၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်အထိသာ ဝင်ငွေရရှိမှုကိုဖော်ပြထားပါတယ်။ စီမံချက်မှာ ရန်အောင်မြင်ကျေးရွာ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုဆောင်ရွက်လိုတဲ့လုပ်ငန်း အစီအစဉ်ခြောက်ခုပါ ရှိပြီး တော့ ခန့်မှန်းကုန်ကျမယ့်တန်ဖိုး ၂၈၁.၀၀ ကျပ်သန်းဖြစ်ကြောင်း ရေရှည်လုပ်ငန်းဆောင်ရွက်ရန် ရန်ပုံငွေ ၅.၃၄ ကျပ်သန်း ကျန်ရှိမည်ဖြစ်ကြောင်း ဖော်ပြထားပါတယ်။

နိုင်ငံတော်လယ်ယာသုံးစက်ကိရိယာအမြောက်အမြားကို ကျေးရွာတစ်ခုတည်းသို့ ပေးအပ် ထားခြင်း စက်ငှားရမ်းခဝင်ငွေများအား နိုင်ငံတော်ဘဏ္ဍာငွေအရအသုံးသို့ မထည့်သွင်းခြင်းနဲ့ သီးခြား Account ဖြင့်စုဆောင်းခြင်း၊ စီမံကိန်းနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုမရှိခြင်းနှင့် စာရင်းမှာ မပါတဲ့ ယာဉ်ယန္တရားများစသည်တို့နဲ့ စပ်လျဉ်းပြီးတော့ တည်ဆဲဥပဒေများ၊ ဘဏ္ဍာရေးစည်းမျဉ်း များနှင့် ညီညွတ်မှုရှိ/မရှိစစ်ဆေးရန် လိုအပ်ပါတယ်။ ဒက္ခိဏသီရိမြို့နယ်မှာ ကျေးရွာပေါင်း ၂၈ ရွာ ရှိပြီး စုဆောင်းရရှိငွေများအား စီးပွားရေးနှင့်လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ ကျေးရွာတစ်ရွာတည်းကိုသာ ဆောင်ရွက်ပေးရန်မသင့်ဘဲ ကျေးရွာအားလုံးကို ဆောင်ရွက်ပေးရန်သင့်ပါတယ်။ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဌာနဆိုင်ရာ များမှတာဝန်ရှိသူများ၊ ကျေးရွာအကြီးအမှူးများပါဝင်တဲ့ ကော်မတီတစ်ရပ်ကိုဖွဲ့စည်းပြီးတော့ ဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းနှင့် ကျေးရွာရွေးချယ်ခြင်းတို့ကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သင့် ပါတယ်။ အဆိုပါကိစ္စကို ၁၆–၉–၂၀၁၉ ရက်နေ့မှာ ဦးစီးဌာနမှကိုယ်စားလှယ် ပါဝင်ပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒက္ခိဏသီရိမြို့နယ်မှာ ဂျပန်နိုင်ငံ အထောက်အပံ့နဲ့ စားနပ်ရိက္ခာဖူလုံရေးစီမံကိန်း (2KR–2012) ကို အကောင်အထည်ဖော် ဆောင်ရွက်

ခြင်းမှ စုဆောင်းရရှိလာသောငွေများကို မြို့နယ်အတွင်းရှိကျေးရွာအုပ်စုများအား အညီအမျှအသုံးချ ဆောင်ရွက်ခြင်းဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်၍ တောင်သူလယ်သမားများရဲ့ လူနေမှုဘဝ တိုးတက်မြင့်မားစေရန် ရည်ရွယ်ချက်ဖြင့် ၁၆-၉-၂၀၁၉ ရက်နေ့မှာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမမှာ အကျိုးသက်ဆိုင်သူအားလုံးပါဝင်တဲ့ လုပ်ငန်းညှိနှိုင်းအစည်း အဝေးကို ကျင်းပခဲ့ပါတယ်။ အစည်းအဝေးဆုံးဖြတ်ချက် အပိုဒ် ၁၇ အပိုဒ်ခွဲ(က)မှာ ဂျပန် နိုင်ငံ၏ အထောက်အပံ့ စားနပ်ရိက္ခာဖူလုံရေးစီမံကိန်း (2KR–2012) မှရရှိသည့်ငွေများအား ဒက္ခိဏသီရိ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများအတွက် တစ်အုပ်စုလျှင်ထွန်စက် တစ်စီးနှုန်းဖြင့်အညီအမျှ ရရှိရေး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က တင်ပြဆောင်ရွက်သွားရန်ဟု ဆုံးဖြတ်ထားပါတယ်။ ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများအတွက် တစ်အုပ်စုလျှင် ထွန်စက်တစ်စီးနှုန်းအညီ အမျှရရှိရေး သက်ဆိုင်ရာဦးစီးဌာနမှလိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန် အစည်းအဝေး မှတ်တမ်းနှင့်တကွ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးထံ တင်ပြထားပါတယ်။ သို့ဖြစ်ပါ၍ အောက်ပါ မေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ 2KR–2012 စီမံကိန်းဟာ တည်ဆဲ ဥပဒေများ၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်ညီညွတ်မှုရှိ/မရှိ၊ မရှိပါက မည်ကဲ့သို့ အရေးယူပါ မည်နည်း။ စုဆောင်းငွေများအား စီးပွားရေးနှင့်လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ ပိုမိုကောင်းမွန်မျှတတဲ့ စီမံခန့်ခွဲမှုဖြစ်စေရေးနှင့် ကျေးရွာအုပ်စုများအတွက် တစ်အုပ်စုလျှင် ထွန်စက်တစ်စီးနှုန်း အညီအမျှရရှိရေးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ဖြစ်ပါ တယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်းရဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး နေပြည်တော်ကောင်စီရဲ့ဖြေကြားချက်နဲ့အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မှ ဒုတိယဝန်ကြီး ကျွန်တော် ဦးလှကျော်မှ ဖြေကြားပေးပါ့မယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းမှာပါတဲ့ 2KR စီမံကိန်းရဲ့ အနေအထားလေးကို ဦးစွာ ရှင်းလင်းတင်ပြလိုပါတယ်။ 2KR စီမံကိန်းကြီးဟာ Kennedy Second Round စီမံကိန်းဖြစ်တဲ့ အမေရိကန်နိုင်ငံကနေ အခြေပြုပြီးတော့ ၎င်းရဲ့ Economic Model ကိုရယူပြီး ဂျပန်နိုင်ငံအစိုးရ အနေနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာရှိတဲ့ ဝင်ငွေနည်းတောင်သူလယ်သမားတွေရဲ့ စားနပ်ရိက္ခာဖူလုံရေး အတွက် ရည်ရွယ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တဲ့ စီမံကိန်းဖြစ်ပါတယ်။ အဆိုပါစီမံကိန်းအရ

မိမိတို့နိုင်ငံမှာ ၂၀၁၂ ခုနှစ်မှာစတင်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ စီမံကိန်းရဲ့ရည်ရွယ်ချက်ကတော့ စီမံကိန်းအဖြစ်ရွေးချယ် ဆောင်ရွက်မယ့်ရပ်ရွာတွေမှာရှိတဲ့ ဒေသခံ တောင်သူလယ်သမားတွေ မိမိတို့ရဲ့လယ်ယာ လုပ်ငန်းခွင်ကနေ သမားရိုးကျစိုက်ပျိုး ထုတ်လုပ်မှုကနေ စီမံကိန်းအရပံ့ပိုးပေးမယ့် စက်ကိရိယာတွေကို အသုံးပြုခြင်းဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာဖို့နဲ့ တိုးတက်လာတဲ့ သီးနှံစိုက်ပျိုးထုတ်လုပ်မှုကနေပြီးတော့ အဆိုပါကျေးရွာရဲ့ ဝင်ငွေ တိုးတက်စုဆောင်းပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်ဆောင်ရွက်တဲ့ စီမံကိန်းဖြစ်ပါတယ် ခင်ဗျား။

မြန်မာနိုင်ငံမှာ အဲဒီစီမံကိန်းကို အကောင်အထည်ဖော်ဖို့အတွက် ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(JICA)ရဲ့ စီမံကိန်းဆိုင်ရာအချက်အလက်စာရင်းအင်းတွေကို ၂၀၁၂ ခုနှစ် ဧပြီလကနေအောက်တိုဘာလအထိ ခြောက်လတာကာလအတွင်း အလားအလာရှိတဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေကို ကွင်းဆင်းပြီးတော့လိုအပ်တဲ့စာရင်းအချက်အလက်တွေကို ရယူခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါ စီမံကိန်းဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာအရ စီမံကိန်းဒေသတွေကို ရွေးချယ်ဆောင်ရွက်တဲ့အခါမှာ ၂၀၁၂ ခုနှစ်မှာစတင်ခဲ့တဲ့ 2KR စီမံကိန်းအရ မိမိတို့နေပြည်တော် ကောင်စီ ဒက္ခိဏသီရိမြို့နယ်မှာ ရန်အောင်မြင်ကျေးရွာ၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်မှာ အရှေ့လက်ခုပ်ပင်ကျေးရွာ၊ ရန်ကုန်တိုင်းဒေသကြီးမှာ သန်လျင်မြို့နယ်၊ စစ်ပင်ကွင်းကျေးရွာနဲ့ ဧရာဝတီတိုင်းဒေသကြီးမှာ ဟင်္သာတမြို့နယ်၊ ဓနိကျေးရွာတို့မှာ စတင်အကောင်အထည် ဖော်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်မှာတော့ နေပြည်တော်ကောင်စီနယ်မြေမှာရှိတဲ့ ပျဉ်းမနားအလျင်လိုကျေးရွာ၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ ရွှေဘိုမြို့နယ် သီးလုံးကျေးရွာ၊ ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းကအုတ်တွင်းမြို့နယ်ကနေ ကြက်တက်ညောင်ပင်ကျေးရွာနဲ့ မန္တလေးတိုင်းဒေသကြီး မတ္တရာက မင်္ဂလာသီရိကျေးရွာတို့မှာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တဲ့ စီမံကိန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအစိုးရကို 2KR စီမံကိန်းအဖြစ် ဂျပန်နိုင်ငံအစိုးရကပေးတဲ့ အဆိုပါအခွင့်အရေးနည်းလယ်သမားတွေအတွက် စားနပ်ရိက္ခာဖူလုံရေးစီမံချက်အရ ယန်းသန်း ၂၃၀ အကူအညီပေးရေးဆိုင်ရာစာချွန်လွှာ(Exchange Of Notes)ကို ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်နေ့မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဂျပန်နိုင်ငံနိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA တို့ကြား စီမံကိန်းနားလည်မှု အကူအညီပေးရေး သဘောတူစာချုပ် (Grant Agreement)ကိုတော့ ၂၀၁၃ ခုနှစ်၊ မေ ၂၀ ရက်နေ့မှာ လက်မှတ်ရေးထိုးခဲ့တာ ဖြစ်ပါတယ်။ အဆိုပါသဘောတူစာချုပ် (Grant Agreement)အရ စာချုပ်အသက်ဝင်မှုဟာ လေးနှစ်အတွင်းထောက်ပံ့ထားတဲ့ စက်ကိရိယာတန်ဖိုးရဲ့ထက်ဝက်ကို စုဆောင်းငွေအဖြစ် ရရှိအောင် စီမံကိန်းဒေသခံတွေက ကြိုးပမ်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ စာချုပ်လက်မှတ်

ရေးထိုးအသက်ဝင်တာကတော့ ၂၀၁၃ ခုနှစ်၊ မေ ၂၀ ရက်နေ့မှာဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် လေးနှစ်တာကာလဖြစ်တဲ့ ၂၀၁၇ ခုနှစ်၊ မေ ၂၀ ရက်နေ့အတွင်းမှာ လျာထားရန်ပုံငွေစုဆောင်း ရရှိရေးကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ 2KR စီမံကိန်းအကူအညီပေးရေး သဘောတူစာချုပ်အရ အထောက်အပံ့ဟာ Grant Agreement လက်မှတ်ရေးထိုးတဲ့ ၂၀၁၃ ခုနှစ်၊ မေ ၂၀ ရက်နေ့မှာသာ အသက်ဝင်ခဲ့ပါတယ်။ စီမံကိန်းစက်ကိရိယာတွေရောက်ရှိတဲ့ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့ နောက်ပိုင်းမှသာ လုပ်ငန်းတွေလုပ်ကိုင်ခဲ့တဲ့အတွက် ၂၀၁၄–၂၀၁၅ ဘဏ္ဍာရေးနှစ်မှသာ ဝင်ငွေ ရရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထောက်အပံ့သဘောတူစာချုပ် (Grant Agreement) အောက်မှာရှိတဲ့ ရန်ပုံငွေအားလုံးကို မြန်မာ့စီးပွားရေးဘဏ်မှာ Counterpart Fund ဖွင့်လှစ်ပြီး စုဆောင်းထားရှိ ရမည်လို့ ဖော်ပြပါရှိပါတယ်။ ထိုစဉ်က ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ သဘောတူခွင့်ပြုချက်နှင့်အညီ မြန်မာ့စီးပွားရေးဘဏ်၊ လယ်ဝေးမှာ Counterpart Fund ငွေစာရင်းအမှတ် F.65 ကိုဖွင့်လှစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ အဆိုပါငွေစာရင်းနဲ့ ပတ်သက်လို့ သက်ဆိုင်ရာဒေသကျေးရွာရဲ့ စီမံကိန်းအကောင်အထည်ဖော်မှုကော်မတီကသာ စီမံခန့်ခွဲဆောင်ရွက်ပါတယ်။ စီမံကိန်းဒေသတွေ ကနေ စုဆောင်းရရှိတဲ့ Counterpart Fund တွေကို စီမံကိန်းပြီးဆုံးမှသာ စီမံကိန်းကျေးရွာရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေအတွက် အသုံးပြုရမှာဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက် နိုင်ဖို့အတွက် စီးပွားရေးနဲ့လူမှုရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ ဆောင်ရွက် ရာမှာ ပိုမို ကောင်းမွန်မှုတတဲ့ စီမံခန့်ခွဲအုပ်ချုပ်မှုဖြစ်စေဖို့အတွက် အထောက်အပံ့စီမံကိန်း အကောင်အထည် ဖော်စဉ်ကချမှတ်ခဲ့တဲ့ ရည်ရွယ်ချက်၊ သဘောတူညီချက်တွေနဲ့ မိမိတို့အတွက် အကျိုးဖြစ်ထွန်းမယ့် အဆိုပြုလုပ်ငန်းစီမံချက်တွေကို ပြုစုရမှာဖြစ်ပါတယ်။ ဂျပန်နိုင်ငံအပြည်ပြည် ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ (JICA) ကနေတစ်ဆင့် ဂျပန်အစိုးရထံသဘောတူညီမှုကို ဆက်လက်ရယူ အကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။ အဆိုပါ Doner Country ရဲ့ သဘောတူညီချက် ရယူပြီးတဲ့နောက်မှာ ပြည်ထောင်စုဝန်ကြီးဌာနရဲ့ခွင့်ပြုချက်နဲ့ ထုတ်ယူသုံးစွဲရမယ့် လုပ်ငန်း အစီအစဉ်ကို သတ်မှတ်ပြဋ္ဌာန်းထားပြီးလည်း ဖြစ်ပါတယ်။ လက်ရှိအနေအထားမှာ စီမံကိန်း ကျေးရွာတောင်သူတွေ ကျေးရွာဖွံ့ဖြိုးရေးအတွက် အဆိုပြုတင်ပြချက်တွေကို မိမိတို့ဝန်ကြီးဌာန အနေနဲ့ JICA ကို တင်ပြထားဆဲဖြစ်ပါတယ်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွေ အကောင်အထည် ဖော်မှုအတွက် ထုတ်ယူသုံးစွဲခြင်းမရှိသေးတဲ့ အခြေအနေပဲဖြစ်ပါတယ်။ 2KR စီမံကိန်းနဲ့ပတ်သက်ပြီး Grant Agreement ပါအချက်တွေနဲ့အညီ တည်ဆဲဥပဒေ၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနဲ့ အညီ စီမံဆောင်ရွက်ထားမှုရှိကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းမှာဖော်ပြပါရှိတဲ့ 2KR–2012 စီမံကိန်းအရ အကောင်အထည်ဖော်ဆောင်ရွက်တဲ့ ဒက္ခိဏသီရိ

မြို့နယ် ရန်အောင်မြင်ကျေးရွာ အုပ်စုအနေအထားဟာ စီမံကိန်းစက်ကိရိယာများအနေနဲ့ ထွန်စက် (Shibaura) ရှစ်စီးနဲ့ ထွန်စက်(Cubota) ၂၅ စီး၊ ရိတ်သိမ်းခြွေလှေ့စက်လေးစီးနဲ့ ထွန်ထယ်ကိရိယာ ၃၃ ခု တို့ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်ထိ စုဆောင်းပြီးရန်ပုံငွေဟာ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားသလို ၂၈၆.၃ သန်းကျော် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့အထဲမှာ ဖောကား အပါအဝင် စက်ကိရိယာပစ္စည်းတွေရဲ့အနေအထားလေးကိုလည်း မေးသွားတာ သိရှိရပါတယ်။ အဆိုပါအခြေအနေဟာ မိမိတို့ကတော့မိမိတို့ရဲ့စီမံကိန်းအရ မိမိတင်ပြခဲ့တဲ့စက်အစီးရေကို ပံ့ပိုးပြီးတော့ ယခုအခါမှာ စက်ပစ္စည်းတွေဟာ စီမံကိန်းကာလလွန်မြောက်သွားတဲ့ ပြန်လည်ပြုပြင်တဲ့ Maintenance လုပ်ငန်းတွေကိုဆောင်ရွက်ထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ ဒီစက်တွေကတော့ တစ်စုံတစ်ရာသောအဖွဲ့အစည်း၊ တစ်စုံတစ်ရာသောပုဂ္ဂိုလ်က တစ်စုံတစ်ရာသောရည်ရွယ်ချက်နဲ့ အဆိုပါကျေးရွာကိုပံ့ပိုးထားတဲ့ အခြေအနေဖြစ်ကောင်းဖြစ်နိုင်တယ်ဆိုတာကို မိမိသုံးသပ်ရရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ 2KR စီမံကိန်းကိုရှေ့ဆက်ပြီး ကျေးရွာသစ်တွေ ထပ်မံရွေးချယ်ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။ လက်ရှိစီမံကိန်းဧရိယာနဲ့ ဆက်စပ်မှုရှိပြီး ဒီစီမံကိန်းရဲ့ရည်ရွယ်ချက်ကို အထမြောက်အောင်ဆောင်ရွက်နိုင်မယ့် အလားအလာကောင်းများရှိတဲ့ကျေးရွာတွေကို သက်ဆိုင်ရာဒေသကသတ်မှတ်ချက်နှင့်အညီ အဆိုပြုရွေးချယ်ရမှာဖြစ်ပါတယ်။ ပြီးတဲ့နောက် အထောက်အပံ့အဖွဲ့အစည်းဖြစ်တဲ့ JICA ကိုပေးပို့အတည်ပြုချက် ရယူဆောင်ရွက်ရမှာဖြစ်ပါတယ်။ အထောက်အပံ့ပေးတဲ့အဖွဲ့အစည်းရဲ့ အတည်ပြုချက်ရရှိပြီးပြီဆိုရင်တော့ အဆိုပါစီမံကိန်းကျေးရွာကို စက်ကိရိယာတွေပေးပို့ပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မှာဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းကို ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးသန့်ဇင်ထွန်း(ဒက္ခိဏသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျား။ ဌာနရဲ့စစ်ဆေးမှုများအရ စုဆောင်းရန်ပုံငွေများကို သဘောတူစာချုပ် (Grant Agreement)ရဲ့ အပိုဒ် ၁၁ အပိုဒ်ခွဲ(၁)အရ စီမံကိန်းဒေသအလိုက် Counterpart Fund ငွေစာရင်းမှာ အပ်နှံဆောင်ရွက်ခဲ့ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ၆-၈-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ကခ-၁/၂၇၄(၄၂၄၅/၂၀၁၄)ဖြင့် ခွင့်ပြုချက်အရ မြန်မာ့စီးပွားရေးဘဏ်(လယ်ဝေးမြို့)တွင် ငွေစာရင်းအမှတ်၊ F-၆၅ ကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ကြောင်း 2KR(2012)စီမံကိန်းရဲ့ စက်ငှားရမ်းခရရှိငွေများနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှု၊ မသမာမှုများ၊ အလွဲသုံးစားမှုတစ်စုံတစ်ရာမရှိကြောင်း စီမံကိန်းကာလအတွင်း တာဝန်ထမ်းဆောင်ခဲ့သော

မှုကြမ်း

ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာစီမံကိန်းဒေသအဆင့်အတိုင်ပင်ခံ ကော်မတီဝင်တို့၏ ထွက်ဆိုချက်အရလည်းကောင်း၊ လစဉ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဝင်ငွေရရှိမှုပြန်တမ်းများအား စစ်ဆေးချက်အရလည်းကောင်း၊ ဘဏ်ရှင်းတမ်းများအရလည်းကောင်း စိစစ်တွေ့ရှိရကြောင်းဟုဖော်ပြထားပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရဲ့ ၁၆-၇-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၂/၉၀(က)(၄)2KR(၁၃၄၉/၂၀၁၄)အရ ဘဏ္ဍာရေးဝန်ကြီးဌာနက စာရင်းရှင်ငွေစာရင်း(Current Account) ဖွင့်လှစ်ခွင့်ပြုရာမှ အပိုဒ် ၄ ၌ မြန်မာ့စီးပွားရေးဘဏ်တွင် ဖွင့်လှစ်မည့်အဆိုပါ Counterpart Fund အား နှစ်စဉ် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးမှုကိုခံယူသင့်ပါသည်ဟု အပိုဒ် ၅ တွင် အဆိုပါစီမံကိန်းအား ဆောင်ရွက်ပြီးစီးပါက ၎င်းငွေစာရင်းအား ပြန်လည်ပိတ်သိမ်းရန်ဖြစ်ပါကြောင်းဟု ဖော်ပြထားပါတယ်။ သို့ဖြစ်ပါ၍ 2KR(2012)စီမံကိန်း၏ ရရှိဝင်ငွေများနှင့်စပ်လျဉ်း၍ နှစ်စဉ် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးမှုကို ခံယူခဲ့မှုရှိ/မရှိနှင့် မရှိပါက မည်ကဲ့သို့ ဆောင်ရွက်မည်ကို သိရှိလိုကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆက်စပ်မေးခွန်းမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ Counterpart Fund နဲ့ စပ်လျဉ်းပြီးတော့ JICA နဲ့ အထောက်အပံ့ဆိုင်ရာသဘောတူစာချုပ်အပိုဒ် ၁၁(၇)အရ JICA ရဲ့သဘောတူညီချက်ရယူပြီးတော့ ပြင်ပစာရင်းစစ်အဖွဲ့(External Audit)နဲ့ စစ်ဆေးဆောင်ရွက်သွားရမယ့်အခြေအနေဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။

**လက်ပံတန်းမြို့နယ်၊ ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်ခဲ့သော စီမံကိန်းများကြောင့် တောင်သူများ၏ လယ်မြေများနစ်နာဆုံးရှုံးမှုအတွက် လျော်ကြေးငွေပေးအပ်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်မင်း(လက်ပံတန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ ဆည်မြောင်းဦးစီးဌာန(လက်ပံတန်း)က အများပြည်သူအကျိုးစီးပွားအတွက် ဆောင်ရွက်ခဲ့တဲ့စီမံကိန်းများမှာ နစ်နာသွားကြတဲ့တောင်သူများရဲ့နစ်နာကြေးများကို ၂၀၁၂

ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများအရ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနဲ့ လျော်ကြေးငွေ ပေးမည်ဆိုပါကလည်း မည်သည့်ဘဏ္ဍာရေးနှစ်မှာ ပေးမည်ကို သိရှိလိုသော မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမနစ်နာသူကတော့ မြေစီးကျေးရွာက တောင်သူကြီး ဦးကျော်သောင်း ဖြစ်ပါတယ်။ သူ့မှာရှိတဲ့လယ်မြေက ခြောက်ဧကေ ဖြစ်ပါတယ်။ မြေစီးရိုးဘေးနားက လယ်တွေပါ။ နွေစပါးစီမံကိန်းအတွက် သဲကောဆည်ကကျလာတဲ့ ဆည်ရေကို ရိုးပိတ်ပြီးတော့ ရေတင်စိုက်ကြ တာပါ။ ရိုးကိုပိတ်တဲ့အခါမှာ ဦးကျော်သောင်းရဲ့လယ်မြေထဲကမြေကို ယန္တရားကြီးနဲ့ တူးယူပြီးတော့ မြေသားတမံပိတ်ခဲ့တာပါ။ မိုးရာသီရောက်ရင် ပိတ်ထားတဲ့တမံကို ဖောက်ချလိုက်။ နွေရာသီရောက် ရင်တော့ လယ်မြေထဲကမြေနှင့် ပြန်ပိတ်လိုက်နဲ့ ၂၀၁၁ ခုနှစ်က စလိုက်တာ ၂၀၁၅ ခုနှစ်အထိ ဆောင်ရွက်ခဲ့တဲ့စီမံကိန်း ဖြစ်ပါတယ်။ လယ်မြေလေးဧကလောက်ဟာ ကျင်းကျန်ကြီးများဖြစ်ပြီး စိုက်ပျိုးလို့မရတဲ့ လယ်မြေအဖြစ် ပျက်စီးခဲ့ရတာပါ။ ဒုတိယနစ်နာသူများကတော့ ယွန်းသွယ်အုပ်စု ပိုင်က ကွင်းအမှတ်(၁၀၆၆)က တောင်သူ ၁၄ ဦးပိုင်တဲ့ လယ်မြေစုစုပေါင်း ၁၂ ဧကေ ဖြစ်ပါတယ်။ တောင်သူခြောက်ဦးပိုင်တဲ့ ခြံမြေများလည်း ပါပါတယ်။ ဖြစ်စဉ်က ရောဝတီမြစ်ကမ်းပါးနှစ်စဉ်ပြိုကျ မှုကြောင့် မူလကမ်းရင်းတာက အန္တရာယ်ရှိလာတာကြောင့် ကမ်းရင်းတာကနေ ပေ ၁၄၀ အကွာ ရွာရဲ့နောက်ကျောဘက်နဲ့ ဘေးနှစ်ဘက်က ‘ဂ’ပုံသဏ္ဌာန် ပန်းတာကို တည်ဆောက်ခဲ့တာပါ။ ဒီလို တည်ဆောက်ရာမှာ ရွာခြံမြေများနှင့် လယ်မြေများထဲကမြေများကို ယန္တရားနှင့်တူးယူဖို့ခဲ့တာ ကြောင့် ကျင်းကျန်ကြီးများဖြစ်ပြီးတော့ လယ်မြေများ ပျက်စီးခဲ့ရတာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလိုနစ်နာနေကြတဲ့ တောင်သူမြေဟာ ၎င်းတို့ရဲ့နစ်နာမှုတွေကို ၂၀၁၄ ခုနှစ်၊ ၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ်များက တိုင်းဒေသကြီးအဆင့် အာဏာပိုင်များထံသို့လည်းကောင်း၊ နိုင်ငံတော်သမ္မတရုံးအထိ တင်ပြခဲ့ကြပါ တယ်။ နိုင်ငံတော်သမ္မတရုံးကတော့ တောင်သူကြီးဦးကျော်သောင်းရဲ့တင်ပြစာနဲ့ပတ်သက်လို့ ပြန်ကြားစာနှစ်စောင်ကို ၂၂-၆-၂၀၁၆ ရက်စွဲဖြင့်တစ်စောင်၊ ၁၄-၇-၂၀၁၆ ရက်စွဲဖြင့်တစ်စောင် ပြန်ကြားခဲ့ပါတယ်။ ပြန်ကြားတဲ့အခါမှာတော့ တင်ပြစာနှင့်ပတ်သက်လို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့ စိစစ်ပြီးအခြေအနေအား ပြန်လည်တင်ပြရန်အကြောင်းကြားမည်ဖြစ်ကြောင်း ပြန်ကြားခဲ့ပါ တယ်။ သို့သော်လည်းပဲ ယနေ့အချိန်အထိ ထူးခြားမှုမရှိတဲ့အတွက်ကြောင့် နစ်နာနေတဲ့တောင်သူ များရဲ့ကိုယ်စား ယခုမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မေးခွန်းကို Power Point ဖြင့် ပြသဖို့ ခွင့်ပြုစေလိုပါတယ်။ ဒါကတော့ နိုင်ငံတော်သမ္မတရုံးကနေပြီးတော့မှ ဦးကျော်သောင်းဆီကို ပြန်ကြားတဲ့ပြန်စာ ဖြစ်ပါ တယ်။ ဒါကတော့ ၂၀၁၆ ခုနှစ်က ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဆီကို တင်ပြတဲ့ နစ်နာတဲ့စာ ဖြစ်ပါတယ်။ ဒါကတော့ တိုင်ကြားသူတွေရဲ့လက်မှတ်တွေပါ။ ဒါကတော့ စောစောက ကျွန်တော်

တင်ပြတဲ့ ပန်းတာတည်ဆောက်စဉ်မှာ ပါဝင်ခဲ့တဲ့လယ်မြေများဖြစ်ပါတယ်။ အဲဒီမှာ ကျင်းကျန်ကြီး တွေဖြစ်ပြီးတော့မှ ဘယ်လိုမှကို စိုက်ပျိုးလို့မရတဲ့လယ်မြေများ ဖြစ်ပါတယ်။ ဒီဟာကတော့ စောစောကပြောတဲ့ မြေစီးရိုးဖို့ရာမှာ ပျက်စီးသွားတဲ့ ဦးကျော်သောင်းရဲ့လယ်မြေများ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း မေးမြန်းထားတဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ်ဖြေကြားပါ့မယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ မြေစီးကျေးရွာအုပ်စုမှာရှိတဲ့ လယ်မြေဧက ၅၀၀ ကို နွေစပါးစိုက်ပျိုးရေရရှိဖို့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီး ဌာနအနေနဲ့ ၂၀၀၅ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ နှစ်စဉ်မြေသားချောင်းပိတ်တမံဆောင်ရွက်ပြီး စိုက်ပျိုးရေ ပေးဝေခဲ့ပါတယ်။ မြေသားချောင်းပိတ်တမံကို နှစ်စဉ်ဆောင်ရွက်တဲ့အခါမှာ အနီးပတ်ဝန်းကျင်ရှိ ဒေသခံတောင်သူဦးကျော်သောင်းရဲ့လယ်မြေကနေ ဖို့မြေရယူခဲ့ပါတယ်။ အဲဒီနောက်မှာ ဖို့မြေရယူဖို့ အခက်အခဲတွေရှိလာတဲ့အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရရန်ပုံငွေနဲ့ ရေထိန်းရေမြှင့်ရေတံခါးတစ်ခုကို အဆိုပါဒေသမှာ တည်ဆောက်ပေးခဲ့ပါတယ်။ ထို့အတူ လက်ပံတန်းမြို့နယ်အတွင်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ရောဝတီမြစ်ကမ်းပါး နှစ်စဉ်နီးပါး ဆက်တိုက်ကမ်းပြိုကျမှုတွေကြောင့် ဌာနမှ တည်ဆောက်ထိန်းသိမ်းထားတဲ့ ရောဝတီမြစ် အရှေ့ဘက်ကမ်းတာရဲ့ တာမိုင်(၂၅/၇)နှင့် တာမိုင်(၂၆/၄)အတွင်းမှာ မူလကမ်းရင်းတာ ထိခိုက် ပျက်စီးမည့်အခြေအနေဖြစ်ပေါ်လာခဲ့ပါတယ်။ သို့ဖြစ်တဲ့အတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ယွန်းသွယ်ကျေးရွာအနီး ပန်းတာအသစ်တည်ဆောက်ဖို့ စီမံခဲ့ပါတယ်။ ယင်းတာအတွက် ဖို့မြေကို အဆိုပါဒေသခံတောင်သူတွေရဲ့လယ်မြေ ၁၂ ဧကကနေ ရယူခဲ့တာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအစိုးရလက်ထက်မှာ မိမိတို့ဝန်ကြီးဌာနအနေနဲ့ အကောင်အထည် ဖော်ဆောင်ရွက်ခဲ့တဲ့ စီမံကိန်းလုပ်ငန်းတွေနဲ့စပ်လျဉ်းပြီး လယ်ယာမြေနဲ့အခြားမြေများ ဆုံးရှုံး နစ်နာခဲ့မှုတွေကြောင့် မြေယာလျော်ကြေးပြန်လည်လျှောက်ထားလာမှုများ ရှိလာခဲ့ပါတယ်။

ယင်းနှင့်ပတ်သက်ပြီး ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာမှာ သိမ်းဆည်းခံရတဲ့လယ်ယာမြေများနှင့် စပ်လျဉ်းပြီး ချမှတ်ထားတဲ့မြေယာမူဝါဒများနှင့်အညီ စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ နစ်နာကြေးပေးရမယ်ဆိုလို့ရှိရင်လည်း နိုင်ငံတော်သမ္မတရုံးရဲ့ ညွှန်ကြားချက်နှင့်အညီ သိမ်းဆည်းခံတောင်သူတွေကို ၎င်းတို့ရဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ သီးနှံစိုက်ပျိုးရေး အောင်မြင်ဖြစ်ထွန်းဖို့အတွက် နိုင်ငံတော်က ဆည်မြောင်းတာတမံတွေ ဆောက်လုပ်ပေးခြင်းဖြစ်ကြောင်း အသိပေးရှင်းလင်းပြီး သင့်တင့်မျှတတဲ့နစ်နာကြေးဖြစ်စေရေး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ မြေစီးကျေးရွာ မြေသားချောင်းပိတ်တမံဆောင်ရွက်ခြင်းအတွက် ဖို့မြေယူခဲ့တဲ့ လယ်မြေလေးဧကအတွက်နှင့် ယွန်းသွယ်ကျေးရွာမှာရှိတဲ့ဒေသနေတောင်သူလယ်သမားများနဲ့ ပြည်သူများအတွက် ရေဘေးကာကွယ်ရေးလုပ်ငန်းအဖြစ်အကောင်အထည်ဖော်ဖို့ တည်ဆောက်ခဲ့တဲ့ ပန်းတာအသစ်အတွက် ယူခဲ့တဲ့လယ်မြေ ၁၂ ဧကတို့အတွက် သက်ဆိုင်ရာတောင်သူတွေက နစ်နာကြေးရယူလိုကြောင်း တင်ပြလာမှုအပေါ်မှာ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီက ချမှတ်ထားတဲ့မူဝါဒနှင့်အညီ စိစစ်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာမှာ ပါဝင်သွားတဲ့ လယ်ယာမြေတွေအတွက် နစ်နာကြေး၊ လျော်ကြေးရလိုတဲ့ကိစ္စတွေအတွက် နစ်နာတဲ့ဒေသခံများအနေနဲ့ တိုင်းဒေသကြီးလယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီကို တင်ပြစိစစ်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ယင်းနောက် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးဗဟိုကော်မတီကို ဆက်လက်တင်ပြပြီးတဲ့နောက်မှာ ဗဟိုကော်မတီရဲ့ဆုံးဖြတ်ချက်နဲ့ မိမိတို့စီမံဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ လျော်ကြေး၊ နစ်နာကြေးပေးရန်ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး လယ်မြေဖြစ်မယ်ဆိုရင် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ပေးချေရမယ့်လျော်ကြေးကို လယ်ယာမြေဥပဒေနှင့်အညီစိစစ်ပြီး ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို တင်ပြအတည်ပြုရမှာဖြစ်ပါတယ်။ အခြားမြေတွေအတွက်ကိုတော့ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့စိစစ်ချက်နဲ့ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ လျော်ကြေးငွေ သတ်မှတ်ပေးပြီးတဲ့နောက် သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ယခုကိစ္စရပ်မှာ မိမိတို့ဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနအနေနဲ့ နီးစပ်ရာဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေတင်ပြတောင်းခံပြီး နစ်နာသူတွေကို လျော်ကြေးပေးနိုင်ရေး စီမံဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**၁၉၇၀ ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမအသင်းဥပဒေအရ ဖွဲ့စည်းခဲ့သော သမဝါယမ အသင်းများ ပိုင်ဆိုင်သည့်မြေနှင့် အခြားပိုင်ဆိုင်မှုများကို ၁၉၉၂ ခုနှစ် သမဝါယမအသင်းဥပဒေအရ ဖွဲ့စည်းခဲ့သော သမဝါယမအသင်းတချို့က စီမံခန့်ခွဲကာ အကျိုးအမြတ်ခံစားနေမှုများကို ပြည်ထောင်စုစာရင်းစစ်ချုပ်က ပြန်လည်စစ်ဆေးပြီး ၁၉၇၀ ခုနှစ် သမဝါယမအသင်းများ၏ ပိုင်ဆိုင်မှုများကို မူလပိုင်ဆိုင်သူများအတွက် ပြန်လည်အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ)ဦးအတွတ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်ကိုကိုဦး(ခ)ဦးအတွတ်(ဘီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦး ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော် သမဝါယမနှင့်ပတ်သက်တဲ့ မေးခွန်းတစ်ခုကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါရန် တောင်းခံအပ်ပါတယ်ခင်ဗျား။ မေးခွန်းက နည်းနည်းရှည်ပါတယ်။ မေးခွန်းကို ကျွန်တော် အကျဉ်းချုပ်မယ်ဆိုရင်တော့ သမဝါယမအသင်းများရဲ့ပိုင်ဆိုင်မှုတွေကို ပြည်ထောင်စုစာရင်းစစ်ချုပ်ကနေပြီးတော့ ပြန်လည်စစ်ဆေးစေပြီး မူလပိုင်ဆိုင်သူများအတွက် အကျိုးပြုလုပ်ငန်းတွေမှာ ပြန်လည်အသုံးပြုနိုင်စေရန်ဆိုတဲ့ အပိုင်းနှစ်ပိုင်းတွေ့ရမှာဖြစ်ပါတယ်။ ဒီမေးခွန်းကိုမေးရခြင်းဖြစ်ပါတယ်။ ပထမတစ်ခုကတော့ ပြည်ထောင်စုစာရင်းစစ်ချုပ်ကို စာရင်းပြန်လည်စစ်ဆေးစေချင်တာဖြစ်ပြီး နောက်တစ်ခုကတော့ မူလပိုင်ဆိုင်တဲ့သူတွေအတွက် အကျိုးပြုလုပ်ငန်းကို တစ်ဆက်တစ်စပ်တည်း ဆက်လုပ်ဖို့ အသုံးပြုနိုင်ခြင်းရှိ/မရှိပါ။ သမဝါယမအကြောင်းပြောရမယ်ဆိုရင် ပထမဦးစွာ သမဝါယမဦးစီးဌာနရဲ့ ဖွဲ့စည်းပုံပါ။ ဖွဲ့စည်းပုံအရ ပြည်နယ်နှင့် တိုင်းဒေသကြီးတွေ၊ နေပြည်တော်ကောင်စီတို့မှာ ၁၅ ရုံး ရှိတယ်။ မြို့နယ်သမဝါယမဦးစီးဌာနမှာတော့ ၃၀၆ ရုံးရှိပါတယ်။ ကျန်တာကတော့ သမဝါယမ၊ တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းတွေ ဖြစ်ပါတယ်။ သမဝါယမဦးစီးဌာနက လိုအပ်တဲ့ အမိန့်၊ ညွှန်ကြားချက်တွေကို သမဝါယမအသင်းအတွက် ထုတ်ပြန်မယ့်တာဝန်ရှိပါတယ်။ ဒါကတော့ သမဝါယမအသင်းအဆင့်ဆင့်ရဲ့ ဖွဲ့စည်းပုံပါ။ ဗဟိုသမဝါယမအသင်း၊ အသင်းစုချုပ်၊ အသင်းစုအခြေခံအသင်းဆိုပြီးတော့ ဖြစ်ပါတယ်။ ဒီနေရာမှာ သမဝါယမအသင်းရဲ့ အခြေခံမူမှာ ဘာပါလဲဆိုတော့ အသင်းဟာ အသင်း၏စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းတွေကို လုပ်ဆောင်တဲ့အဖွဲ့အစည်းသာဖြစ်စေရန်ဆိုတဲ့အချက်တစ်ချက်ပါပါတယ်။ ဆိုလိုတာက သမဝါယမအသင်းတွေဟာ မိမိအသင်းရဲ့ စီးပွားရေးနဲ့လူမှုရေးလုပ်ငန်းတွေကို လုပ်ဖို့အတွက် ဖွဲ့စည်းထားတဲ့အသင်းသာ ဖြစ်ပါတယ်။ ၁၉၉၈

ခုနှစ်မတိုင်မီကဆိုရင် မိသားစုတိုင်းဟာ သမဝါယမအသင်းသားတွေ ဖြစ်ခဲ့ကြပါတယ်။ သမဝါယမအသင်းရဲ့ပိုင်ဆိုင်မှုတွေကို အဲဒီအသင်းသားတွေကပဲ အချိုးကျပိုင်ဆိုင်ကြတာဖြစ်ပါတယ်။ ဒါဟာ ၁၉၈၈ ခုနှစ်မတိုင်မီ သမဝါယမဥပဒေအရပါ။ ၁၉၈၈ ခုနှစ်အလွန် သမဝါယမတွေပြန်ဖွဲ့တဲ့အခါကျတော့ မိမိဆန္ဒအလျောက်သာ အသင်းသားတွေ ပြန်ဖွဲ့ကြပါတယ်။ သို့သော် ၁၉၈၈ ခုနှစ်မတိုင်မီက အသင်းရဲ့ပိုင်ဆိုင်မှုတွေကတော့ ၁၉၈၈ ခုနှစ်အလွန် အသင်းသားကသာ ဥပဒေအရ စီမံခန့်ခွဲမှုကို ရရှိသွားကြတာဖြစ်ပါတယ်။ ဆိုလိုတာက ၁၉၈၈ ခုနှစ်တုန်းက သမဝါယမအသင်းသားတွေဟာ နောက်ထပ်မပါဝင်ရင် သူတို့ရဲ့ပိုင်ဆိုင်မှုတွေက လျစ်လျူရှုခံထားရတာဖြစ်တယ်ဆိုတာကို ဆိုလိုချင်တာဖြစ်ပါတယ်။ ဒီလို ကျွန်တော်တို့က ဒါနဲ့ပတ်သက်ပြီးတော့ ပြည်သူလူထုရဲ့ကြားထဲမှာ မရှင်းလင်းလို့မေးရင် အမြဲတမ်းလွှတ်တော်မှာဖြေတာကတော့ အရပ်ရပ်ဆိုင်ရာအဖွဲ့အစည်းရဲ့ဆုံးဖြတ်နိုင်ခွင့်ဟာ အပြီးသတ်ဖြစ်တယ်လို့ အမြဲတမ်းဖြေကြားလေ့ရှိပါတယ်။ အဲဒါအပြင်ကို ပိုဆိုးတာက လိုအပ်ရင်အသင်းပိုင်ပစ္စည်းတွေကို ထုခွဲရောင်းချနိုင်သည်ဆိုပြီးတော့ ဖော်ပြထားပါတယ်။ ဒါကြောင့် ကျွန်တော်တို့က အသင်းပိုင်ပစ္စည်းတွေကို အမွေရသလိုပဲ စီမံခန့်ခွဲတယ်။ ထုခွဲရောင်းချတာတွေ ဖြစ်နေပါတယ်။ ဒါကြောင့် သမဝါယမစာရင်းတွေကို ကျွန်တော်တို့ ပြန်လည်လေ့လာကြည့်လိုက်တဲ့အခါကျတော့ နိုင်ငံတော်သမ္မတရုံးကနေပြီး ၂၀၁၂ ခုနှစ်မှာ အကြောင်းကြားစာအရ စာရင်းစစ်ချုပ်ရုံးကနေပြီးတော့ ၆-၈-၂၀၁၂ ရက်နေ့မှာ တိုင်းဒေသကြီးတွေမှာရှိတဲ့ စာရင်းစစ်ချုပ်ရုံးတွေကို သမဝါယမအသင်းတွေဟာ စာရင်းစစ်ချုပ်ရုံးရဲ့ အစစ်ဆေးခံအဖွဲ့အစည်းကနေပြီး လုံးဝပယ်ဖျက်လိုက်ကြောင်းကို အကြောင်းကြားခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က စာရင်းတွေကို ပြန်လည်စစ်ဆေးဖို့လိုအပ်တယ်ဆိုတာက ထင်ရှားပါတယ်။ ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေပြင်ဆင်ပြီးတဲ့အခါကျတော့လည်း ပုဒ်မ ၁၁ ပြည်ထောင်စုစာရင်းစစ်ချုပ်ရဲ့ တာဝန်များမှာ နိုင်ငံတော်ပိုင်ပစ္စည်း၊ သမဝါယမပိုင်ပစ္စည်းနှင့် အများပိုင်ပစ္စည်းများကို ရယူထိန်းသိမ်းအသုံးပြုရာတွင် တိကျမှန်ကန်မှု၊ စနစ်တကျထိန်းသိမ်းစောင့်ရှောက်မှုနှင့် ထိရောက်စွာအသုံးပြုမှုရှိ/မရှိ စစ်ဆေးခြင်းဆိုတာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရဲ့တာဝန်မှာပါပါတယ်။ ဒါကြောင့် ပြည်ထောင်စုစာရင်းစစ်ချုပ်လည်း တာဝန်ကျေစေရန်၊ သမဝါယမဦးစီးဌာနအနေနဲ့လည်း ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုကို ဖော်ဆောင်ပေးနိုင်ရန်အတွက် ဒီမေးခွန်းကိုမေးရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

ဖြေကြားချက်

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦး(ခ)ဦးအတွတ် ရဲ့ သမဝါယမကဏ္ဍနဲ့ဆိုင်တဲ့ မေးခွန်းအပေါ်မှာ ပြန်လည်ဖြေကြားပါမယ်။ မေးခွန်းမှာ အပိုင်းသုံးပိုင်း တွေ့ရပါတယ်။ ၁၉၇၀ ပြည့်နှစ် သမဝါယမဥပဒေအရပိုင်ဆိုင်ခဲ့တဲ့ မြေနဲ့အခြားပိုင်ဆိုင်မှုကိစ္စ၊ ၁၉၉၂ ဥပဒေအရ ယင်းအသင်းတွေက စီမံခန့်ခွဲမှုအပေါ် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက ပြန်လည် စစ်ဆေးစေချင်တဲ့ ၁၉၇၀ ပြည့်နှစ် အသင်းသားများပိုင်ဆိုင်မှုကို မူလပိုင်ဆိုင်သူတွေအတွက် ပြန်လည်အသုံးပြုနိုင်ရေးကိစ္စနှင့် စပ်လျဉ်းပြီးတော့မှ ဆက်နွှယ်ပြီး ထပ်မံပေးပို့ထားတဲ့ ကျိုးကြောင်းကိစ္စရပ်များ ပါဝင်တဲ့မေးခွန်း ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်း နဲ့ပတ်သက်ပြီးတော့မှ လက်ရှိသမဝါယမကဏ္ဍအခြေအနေအပေါ်မှာ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ဖို့ ရှင်းလင်းဖြေကြားခွင့်ရတဲ့အတွက်ကြောင့်မို့လို့ မေးခွန်းမေးမြန်းတဲ့ လွှတ်တော်ကိုယ်စားလှယ် ကိုလည်း ကျေးဇူးတင်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးခွန်းပါအချက်တွေကို အားလုံး လွှမ်းခြုံဖြေဆိုနိုင်ဖို့အတွက် အချိန်အနည်းငယ် ရယူဖြေကြားခွင့်ပြုပါရန်နဲ့ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၇၀ ပြည့်နှစ်ဝန်းကျင်ခေတ်ကာလ ထိုစဉ်က မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလက်ထက်မှာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တဲ့ ဆိုရှယ်လစ်စီးပွားရေးစနစ်အရ တိုင်းပြည်ရဲ့ Economic Structure မှာ ပြည်သူပိုင်၊ သမဝါယမပိုင် နှင့် ပုဂ္ဂလိကပိုင်ဆိုပြီးတော့ ပိုင်ဆိုင်မှုအခန်းကဏ္ဍသုံးရပ်ရှိခဲ့တဲ့အလျောက် သမဝါယမကဏ္ဍဟာ နိုင်ငံ့စီးပွားရေးရဲ့ ဒုတိယမဏ္ဍိုင်ဆိုပြီးတော့ အောက်ခြေရပ်ရွာကနေပြီးတော့ အဆင့်ဆင့် ဗဟိုသမဝါယမအသင်းအထိ သမဝါယမအသင်းတွေ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ ယင်းနှင့်စပ်လျဉ်း ပြီးတော့မှ ၁၉၇၀ ပြည့်နှစ်မှာ သမဝါယမဥပဒေကိုလည်း ပြဋ္ဌာန်းခဲ့တာဖြစ်ပါတယ်။ ပြည်သူတွေရဲ့ အခြေခံစားဝတ်နေရေးလိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်ဖို့ ရပ်ကွက်၊ ကျေးရွာအဆင့်အထိ သမဝါယမအသင်းတွေ ဖွဲ့စည်းဆောင်ရွက်ခဲ့တဲ့အခြေအနေဖြစ်ပါတယ်။ Power Point နဲ့တင်ပြ ပါမယ်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ နိုင်ငံတော်ကပြောင်းလဲကျင့်သုံးလာတဲ့ ဈေးကွက်စီးပွားရေး စနစ်နဲ့ လိုက်လျောညီထွေဖြစ်စေဖို့အတွက် ၁၉၇၀ ပြည့်နှစ်၊ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေကို ပယ်ဖျက်ပြီး ၁၉၉၂ ခုနှစ်၊ သမဝါယမအသင်းဥပဒေကို ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပါတယ်။ အသစ်ပြဋ္ဌာန်းခဲ့တဲ့ ၁၉၉၂ ခုနှစ်၊ သမဝါယမအသင်းဥပဒေပုဒ်မ ၃၇ ပုဒ်မခွဲ(က)မှာ ၁၉၇၀ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသမဝါယမ အသင်းဥပဒေအရ တည်ထောင်ခဲ့တဲ့အသင်း တွေကို ဒီဥပဒေအရ မှတ်ပုံတင်ထားသောအသင်းများ ဖြစ်ဘိသကဲ့သို့မှတ်ယူရမည်ဖြစ်ကြောင်းနဲ့

ပုဒ်မခွဲ(ခ)မှာ သတ်မှတ်ထားတဲ့ကာလအတွင်း ဤဥပဒေနဲ့အညီ ပြန်လည်ဖွဲ့စည်းရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ သို့ဖြစ်တဲ့အတွက် ၁၉၇၀ ပြည့်နှစ်၊ သမဝါယအသင်းဥပဒေအရ ဖွဲ့စည်းမှတ်ပုံတင်ထားတဲ့အသင်းတွေကို ၁၉၉၂ ခုနှစ်၊ သမဝါယအသင်းဥပဒေနဲ့အညီ ပြုပြင်ဖွဲ့စည်းနိုင်ဖို့အတွက် သမဝါယမအသင်းတွေကို အသင်းစည်းကမ်းအသစ်တွေနဲ့ ပြန်လည်ဖွဲ့စည်းရေးလုပ်ငန်းစဉ်ကို ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်၊ ၁၁ ရက်နေ့ရက်စွဲနဲ့ ညွှန်ကြားလွှာထုတ်ပြန်ခဲ့ပါတယ်။ ယင်းညွှန်ကြားလွှာနဲ့အတူ ၁၉၉၂ ခုနှစ်၊ သမဝါယအသင်းဥပဒေပါ သမဝါယအခြေခံမူများနှင့်အညီ မိမိဆန္ဒအလျောက်ပါဝင်လိုသူများနှင့် ပြန်လည်ဖွဲ့စည်းခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြန်လည်ဖွဲ့စည်းတဲ့အသင်းတွေရဲ့ပေးရန်တာဝန်တွေနဲ့ ရရန်ပိုင်ခွင့်တွေကို ရှင်းလင်းပြီးဖြစ်ပေါ်လာတဲ့ အသားတင်ပိုလျှံငွေနဲ့ ရင်းနှီးပစ္စည်းတွေကို သမဝါယမဖွံ့ဖြိုးရေး အရင်းမပျောက်မတည်ငွေ(Cooperative Development Revolving Fund)အဖြစ် စနစ်တကျ စာရင်းပြုစုပြီးတော့ ပြန်လည်ဖွဲ့စည်းတဲ့အသင်းတွေကို လွှဲပြောင်းပေးခဲ့ပါတယ်။ သမဝါယမအသင်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ အသုံးပြုစေခဲ့တာဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်မှာတော့ သမဝါယမအသင်းများဖွံ့ဖြိုးတိုးတက်ရေးမှာ အသုံးပြုစေခဲ့တဲ့ငွေနဲ့ပစ္စည်းတွေကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် သမဝါယမအသင်းစုချုပ်များ၊ အသင်းစုများနှင့် အခြေခံသမဝါယမအသင်းတွေကို အသင်းပိုင်အဖြစ် စာရင်းရေးသွင်းဆောင်ရွက်ဖို့ ၁၉-၆-၂၀၁၁ ရက်နေ့မှာ နိုင်ငံပိုင်သတင်းစာကနေ ကြော်ငြာပြီး လွှဲပြောင်းပေးခဲ့ပါတယ်။ လွှဲပြောင်းပေးခဲ့တဲ့ငွေ၊ ပစ္စည်းတန်ဖိုးအနေနဲ့ ဗဟိုသမဝါယမအသင်းထိန်းသိမ်းမှုကနေတစ်ဆင့် တိုင်းဒေသကြီး/ပြည်နယ် သမဝါယမအသင်းစုချုပ်တွေကို လွှဲပြောင်းပေးငွေက ကျပ် ၁၈.၆၈၄ ဘီလီယံဖြစ်ပါတယ်။ သက်ဆိုင်ရာသမဝါယမအသင်းအဆင့်ဆင့်ရဲ့လက်ဝယ်မှာ အသုံးပြုနေတဲ့ငွေ၊ ကုန်ပစ္စည်း၊ ရင်းနှီးပစ္စည်းတန်ဖိုးငွေဟာ ကျပ် ၃.၄၂၁ ဘီလီယံဖြစ်ပါတယ်။ စုစုပေါင်းတန်ဖိုး ကျပ် ၅.၂၉ ဘီလီယံဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျိုးကြောင်းဖော်ပြချက်နဲ့ မေးမြန်းထားတဲ့အချက်တွေထဲမှာ ၁၉၇၀ ပြည့်နှစ်၊ သမဝါယမအသင်းဥပဒေအရ သမဝါယမအသင်းတွေရဲ့ပိုင်ဆိုင်မှုတွေကို ယခု ၁၉၉၂ ခုနှစ်၊ သမဝါယမအသင်းဥပဒေအရ ဖွဲ့စည်းထားတဲ့ အသင်းသားတွေရဲ့သဘောဆန္ဒအရ စီမံခန့်ခွဲခြင်း၊ အကျိုးအမြတ်ခွဲဝေရယူခံစားနေခြင်းအပေါ် ပြည်သူတွေကနေ တရားမျှတမှုမရှိခံစားနေရခြင်းဆိုတဲ့အချက်နဲ့စပ်လျဉ်းပြီး ဆက်လက်ရှင်းလင်းတင်ပြအပ်ပါတယ်။

အထက်မှာရှင်းလင်းတင်ပြခဲ့တဲ့အတိုင်း ၁၉၇၀ ပြည့်နှစ်၊ သမဝါယမအသင်းဥပဒေအရ ဖွဲ့စည်းခဲ့တဲ့အသင်းတွေကို ၁၉၉၂ ခုနှစ်၊ သမဝါယမအသင်းဥပဒေပုဒ်မ ၃ ပါ အခြေခံမူတွေနဲ့ ၁၉၉၃ ခုနှစ်မှာ ညွှန်ကြားလွှာထုတ်ပြန်ပြီး ပြန်လည်ဖွဲ့စည်းရာမှာ ပြန်လည်ဖွဲ့စည်းတဲ့အသင်းရဲ့စည်းကမ်းဥပဒေအရ သတ်မှတ်ထားတဲ့အစုငွေပြည့်အောင်ထည့်ဝင်ပြီးတော့ အသင်းသားအဖြစ်

ဆက်လက်ပါဝင်လာတဲ့ အသင်းသားများရှိသလို အသင်းသားအဖြစ်မပါဝင်လိုတဲ့အသင်းသားတွေကိုလည်းပဲ အသင်းဟောင်းမှာ ၎င်းတို့ထည့်ထားတဲ့အစုငွေ၊ အသင်းသားတွေရပိုင်ခွင့်ဖြစ်စေတဲ့ အစုငွေ၊ အမြတ်ငွေတွေကို ပြန်လည်ထုတ်ပေးစေခဲ့ပါတယ်။ ဒါကြောင့် ပြန်လည်ဖွဲ့စည်းတဲ့ အသင်းမှာ ၎င်းတို့ဆန္ဒအရ အသင်းသားအဖြစ်ပါဝင်လာမှုမရှိတော့တဲ့အတွက် အကျိုးခံစားခွင့် မရရှိတော့ခြင်းဖြစ်ကြောင်း တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အသင်းတွေမှာ ပြန်လည်ဖွဲ့စည်းစဉ်ကမပါဝင်ဘဲ ကျန်နေတဲ့အသင်းသား၊ အသင်းဝင်များ ကျယ်ပြန့်စွာပါဝင်နိုင်ဖို့အတွက် ယခင်သမဝါယမဝန်ကြီးဌာနရဲ့ ၁၇-၁၁-၂၀၀၈ ရက်စွဲပါ ညွှန်ကြားလွှာ(၆/၂၀၀၈)နဲ့ ၁၀-၉-၂၀၀၉ ရက်စွဲပါ ညွှန်ကြားလွှာ(၃/၂၀၀၉)တို့ကို ထုန်ပြန်ခဲ့ပါတယ်။ အဲဒီညွှန်ကြားလွှာတွေအရ တိုင်းဒေသကြီး/ပြည်နယ်အဆင့်မှာ တိုင်းဒေသကြီး/ပြည်နယ် သမဝါယမအသင်းစုချုပ်၊ မြို့နယ်အဆင့်မှာ မြို့နယ်သမဝါယမအသင်းစု၊ ရပ်ကွက်/ကျေးရွာ အဆင့်မှာ အခြေခံသမဝါယမအသင်းတို့ကို ပြန်လည်ဖွဲ့စည်းပြီးကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခဲ့ပြီးလည်း ဖြစ်ပါတယ်။ ၁၉၇၀ ပြည့်နှစ် သမဝါယမအသင်းဟောင်းများရဲ့ တင်ပြတောင်းဆိုချက်တွေကို ကိုယ်စားလှယ်တွေကမေးမြန်းချက်တွေအပေါ် ၂၀၁၂ ခုနှစ်၊ သမဝါယမအသင်းနည်းဥပဒေ ၇၀ နည်းဥပဒေခွဲ(က)အရ စီမံခန့်ခွဲခြင်းဖြစ်တယ်လို့ ဖြေဆိုနေခြင်းနှင့်စပ်လျဉ်းပြီး မေးမြန်းချက် အပေါ်မှာ ရှင်းလင်းတင်ပြပါမယ်။

၁၉၇၀ ပြည့်နှစ်၊ သမဝါယမအသင်းဥပဒေအရ ဖွဲ့စည်းခဲ့တဲ့အသင်းတွေကို ၁၉၉၂ ခုနှစ်၊ သမဝါယမအသင်းဥပဒေနှင့် ပြန်လည်ဖွဲ့စည်းမှတ်ပုံတင်ခဲ့ပြီးဖြစ်တဲ့အတွက် အသင်းတွေရဲ့ တည်ဆဲဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်တွေနှင့်အညီသာ စီမံခန့်ခွဲဆောင်ရွက်လျက်ရှိမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ နည်းဥပဒေ ၇၀ နည်းဥပဒေခွဲ(က)ဟာ ၁၉၉၂ ခုနှစ်၊ သမဝါယမအသင်း ဥပဒေပုဒ်မရဲ့ မည်သည့်ဥပဒေအပေါ်မှာ အခြေပြုရေးဆွဲရှာဖွေမတွေ့ရှိခြင်းဆိုတဲ့အချက်နှင့်လည်း ပတ်သက်ပြီး မေးမြန်းထားမှုကို ရှင်းလင်းတင်ပြပါမယ်။ ၁၉၉၂ ခုနှစ်၊ သမဝါယမအသင်းဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ(ခ)မှာ အသင်းသား သို့မဟုတ် ကိုယ်စားလှယ်ဟာ လူတစ်ကိုယ် ဆန္ဒမဲတစ်မဲပေးနိုင်တဲ့ ညီမျှတဲ့အခွင့်အရေးရရှိပြီးတော့ အသင်းရဲ့လုပ်ငန်းအရပ်ရပ်ကို အများရဲ့ဆန္ဒဖြင့်သာ စီမံခန့်ခွဲရန်၊ ပုဒ်မခွဲ(ည)မှာ အသင်းသားဟာ အသင်းဝင်များနှင့် အကျိုးတူစီးပွားဘက်လုပ်ကိုင်သူတွေရဲ့ အကျိုးစီးပွားအတွက် အချင်းချင်းလုပ်အား၊ ပစ္စည်းတို့ကိုပူးပေါင်းပြီး အများရဲ့ဆန္ဒဖြင့် စီမံခန့်ခွဲလုပ်ဆောင်တဲ့ အဖွဲ့အစည်းဖြစ်စေဖို့ဆိုပြီးတော့ ပြဋ္ဌာန်းထားပါတယ်။ ယင်းပြဋ္ဌာန်းချက်ကို အခြေခံပြီး နည်းဥပဒေ ၇၀ နည်းဥပဒေခွဲ(က)ကို ရေးဆွဲထားခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၉၂ ခုနှစ်၊ သမဝါယမအသင်းဥပဒေ အခန်း(၇) အသင်းဘဏ္ဍာရေး ပုဒ်မ ၂၀ မှာ အသင်းဟာ မိမိပိုင်ဘဏ္ဍာငွေတွေကို အခြေခံတဲ့အဖွဲ့အစည်းလို့ဖော်ပြထားတဲ့အတွက် နည်းဥပဒေ ၇၀ နည်းဥပဒေခွဲ(က)က အဲဒီဥပဒေနှင့်ညီညွတ်မှုမရှိလို့ မှတ်ယူနိုင်ခြင်း၊ ပုဒ်မ ၂၀ ရဲ့ မတည်ငွေကို အနက်ဖွင့်ရာမှာ ငွေသားဖြစ်ပြီး မြေပါဝင်မှုမရှိခြင်းဆိုတဲ့ မေးမြန်းချက်လည်း ရှိပါတယ်။ ယင်းနှင့် ပတ်သက်ပြီး ဆက်လက်ရှင်းလင်းတင်ပြပါမယ်။ သမဝါယမအသင်းဥပဒေ ပုဒ်မ ၂၀ ဟာဆိုရင် အသင်းရဲ့ဘဏ္ဍာရေးအပိုင်းကိုသာ ဖော်ပြထားခြင်းဖြစ်ပါတယ်။ ၁၉၉၂ ခုနှစ်၊ သမဝါယမအသင်း ဥပဒေ ပုဒ်မ ၁၈ ပုဒ်မခွဲ(က)မှာ အသင်းက ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်နှင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက်ပိုင်ခွင့်ရှိပြီး ပုဒ်မခွဲ(ခ)မှာ ပစ္စည်းများ ပိုင်ဆိုင်ခွင့်ရှိခြင်းဆိုပြီး ပြဋ္ဌာန်းချက်များရှိတဲ့အတွက် အသင်းပိုင်ရင်းနှီးပစ္စည်းတွေကို အသင်းက ပိုင်ဆိုင်ခွင့်ရှိပါတယ်။ ပုဒ်မ ၃ ပါ သမဝါယမအသင်းရဲ့အခြေခံမူအရ အသင်းရဲ့လုပ်ငန်းအရပ်ရပ်ကို အများရဲ့ဆန္ဒဖြင့်သာ စီမံခန့်ခွဲရမယ်လို့ပါရှိတဲ့အတွက် အသင်းပိုင်ပစ္စည်းတွေအပေါ်မှာ အရပ်ရပ် အစည်းအဝေး(GM လို့ခေါ်တဲ့ General Meeting)ဆုံးဖြတ်ချက်နဲ့ စီမံခန့်ခွဲဆောင်ရွက်ခြင်း ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးမဲဆန္ဒနယ် ဘီးလင်းမြို့နယ်မှာ တောင်စွန်းမှာရှိတဲ့ ၁၉၇၀ ပြည့်နှစ်၊ သမဝါယမအသင်းဥပဒေအရ ပိုင်ဆိုင်မှုအပေါ်မှာ ၂၀၁၂ ခုနှစ်၊ သမဝါယမ အသင်းဥပဒေအရ ဖြစ်လာတဲ့အသင်းတစ်ခုကနေ စီမံခန့်ခွဲခြင်းနှင့် ယခုမြေကို အဆောက်အဦ ဆောက်လုပ်ခြင်းအပေါ် အကျိုးအမြတ်ရယူမှု နှစ်ပေါင်းမည်မျှနှင့် စာချုပ်မှာပါဝင်တယ်ဆိုတဲ့အချက်နဲ့ စပ်လျဉ်းပြီးတော့မှ ကျိုးကြောင်းဖော်ပြချက် မေးမြန်းမှုမှာ တွေ့ရှိရပါတယ်။ ယင်းနှင့်ပတ်သက်ပြီး ဖြေကြားပေးပါမယ်။ ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာ၊ ခေတ်ရှေ့ဆောင်လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်မှာ ယခင်တောင်စွန်းကျေးရွာ သမဝါယမ အသင်းကို ၁၉၉၂ ခုနှစ်၊ သမဝါယမအသင်းဥပဒေအရ ၁၉၉၄ ခုနှစ်မှာ ပြုပြင်ဖွဲ့စည်းခဲ့တဲ့ သမဝါယမ အသင်း ဖြစ်ပါတယ်။ အသင်းအနေနဲ့ ရင်းနှီးငွေနည်းပါးခြင်း၊ အသင်းကငှားရမ်းထားတဲ့ ဆိုင်ခန်း တွေကလည်း ယိုယွင်းပျက်စီးနေတဲ့အတွက် အသင်းဥပဓိရုပ်ကောင်းမွန်ဖို့၊ အသင်းအတွက်အကျိုး အမြတ်ရရှိဖို့အတွက် အဆောက်အအုံသစ်ဆောက်လုပ်ဖို့ စီမံခဲ့တာကိုတွေ့ရပါတယ်။ အဲဒီ အဆောက်အအုံဆောက်လုပ်ခြင်းအတွက် တည်ဆဲသမဝါယမအသင်းဥပဒေ၊ နည်းဥပဒေနှင့်အညီ အသင်းရဲ့အထူးအရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ၁-၁-၂၀၁၈ ရက်နေ့မှာ ပြုလုပ်ပါတယ်။ အစည်းအဝေးကနေ အသင်းဆိုင်ခန်း၊ အဆောက်အအုံတွေ ဆောက်လုပ်ဖို့ အသင်းသားတွေက သဘောတူဆုံးဖြတ်ခဲ့တာ တွေ့ရပါတယ်။ အရပ်ရပ်အစည်းအဝေးဆုံးဖြတ်ချက်အရ ခေတ်ရှေ့ဆောင် လယ်ယာနှင့်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းကနေ ရွှေမီးသီးဆောက်လုပ်ရေးနှင့်

အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းနဲ့ညှိပြီး ဆိုင်ခန်း ၁၂ ခန်း ဆောက်လုပ်ဖို့ ၂၀-၂-၂၀၁၈ ရက်နေ့မှာ သဘောတူစာချုပ်ချုပ်ဆိုပြီး ဆောင်ရွက်ခဲ့ပါတယ်။ ၂၅-၇-၂၀၁၈ ရက်နေ့ တောင်စွန်း ကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှာလုပ်တဲ့အစည်းအဝေးမှာလည်းပဲ ဘီးလင်းမြို့နယ်၊ အမှတ်(၂)မဲဆန္ဒနယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းဦးကနေပြီး ခေတ်ရေ့ဆောင်လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းပိုင်အဆောက်အအုံကို သမဝါယမပုံရိပ်ကောင်းမွန် စေဖို့နှင့် အဆောက်အအုံသစ်ဆောက်လုပ်ဖို့ဆိုရင် ပိုမိုသင့်လျော်တယ်ဆိုတဲ့အကြောင်း ဆွေးနွေး ညှိနှိုင်းကြပြီး ကျေးရွာအုပ်ချုပ်ရေးမှူးအနေနဲ့လည်းပဲ လက်ရှိဆိုင်ခန်းတွေဟာ ဆက်လက်သုံးစွဲရန် မသင့်တော်တဲ့အတွက် ထောက်ခံတင်ပြမှုနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ပြည်နယ်သမဝါယမဦးစီးဌာနအနေနဲ့ကတော့ အသင်းဆိုင်ခန်းတွေကို အဆင့်မြင့်ဆိုင်ခန်းတွေ ဖြစ်စေဖို့အတွက် ပြန်လည်ဆောက်လုပ်စေချင်ကြောင်း ဆွေးနွေးပြောကြားညှိနှိုင်းခဲ့သည်က ဆိုင်ခန်းတွေကို အဆင့်မြင့်ဆိုင်ခန်းဖြစ်အောင် ပြန်လည်ဆောက်လုပ်ခဲ့တဲ့အခြေအနေဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အသင်းအနေနဲ့ အဆောက်အဦဆောက်လုပ်ဖို့ သဘောတူစာချုပ်အရ ဆိုင်ခန်းနှစ်ခန်း အကျိုးအမြတ်ခွဲဝေခြင်း သဘောတူညီမှုစာချုပ်အရ အသင်းနှစ်သင်းရမယ့် တန်းဖိုးသင့်ပြီး စုစုပေါင်းဆိုင်ခန်း ၁၂ ခန်းအနက် ဆိုင်းခန်းနှစ်ခန်း ပေါင်း လေးခန်းကို အသင်းပိုင် အဖြစ်ရရှိပြီး ကုန်ကျစရိတ်ကျခံဆောက်လုပ်တဲ့ အသင်းကနေပြီးတော့ ကုန်ကျငွေအပေါ်မှာ တန်ဖိုးသင့်ပြီး ဆိုင်ခန်းရှစ်ခန်းကို ရရှိခဲ့ကြပါတယ်။ အသင်းပိုင်မြေပေါ်မှာရှိတဲ့ ဆိုင်ခန်းတွေကနေ မြေငှားရမ်းခများဖြင့် လစဉ်ရရှိနေမှာဖြစ်တဲ့အပြင် အသင်းပိုင် ဆိုင်ခန်းလေးခန်းကနေ အသင်းရဲ့ စီးပွားရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်သလို ပိုလျှံဆိုင်ခန်းတွေကိုလည်းပဲ လေလံစနစ်နဲ့ ငှားရမ်းပြီး သမဝါယမအသင်းသားတွေရဲ့ လူမှုစီးပွားအတွက် အထောက်အကူပြု ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါ တယ်။ အသင်းပိုင်အဆောက်အအုံဆောက်လုပ်ခြင်းကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ရဲ့ ဆွေးနွေးအကြံပြုချက်များ၊ အသင်းရဲ့ အမြင့်ဆုံးအာဏာပိုင် အဖွဲ့အစည်းဖြစ်တဲ့ အထူးအရပ်ရပ်ဆိုင်ရာအစည်းအဝေးကနေ အသင်းသားတွေရဲ့ သဘောတူ ဆုံးဖြတ်ချက်နဲ့ အသင်းအချင်းချင်းပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ သမဝါယမအသင်းတွေရဲ့ စီမံခန့်ခွဲမှုအပေါ်မှာပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုရှိ/မရှိ စိစစ်ဆောင်ရွက်ပေး ဖို့အတွက် မိမိတို့လည်း ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးတဲ့မေးခွန်းထဲမှာပါတဲ့ ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေ အပိုဒ် ၁၁ အပိုဒ်ခွဲ(ဇ)အပိုဒ်ခွဲငယ်(၁)မှာ နိုင်ငံတော်ပိုင်ပစ္စည်း၊ သမဝါယမပိုင် ပစ္စည်းနှင့် အများပိုင်ပစ္စည်းများကို ရယူထိန်းသိမ်းအသုံးပြုရာတွင် တိကျမှန်ကန်မှု၊ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်မှုနှင့် ထိရောက်စွာအသုံးပြုမှုရှိ/မရှိ စစ်ဆေးခြင်းလို့ ပြဋ္ဌာန်းထားရှိပြီးဖြစ်တဲ့

အတွက် သမဝါယမအသင်းများအနေနဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပါအတိုင်း လိုက်နာဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ သမဝါယမဦးစီးဌာနရဲ့ညွှန်ကြားလွှာ(၆/၂၀၀၈)၊ (၃/၂၀၀၉)တို့အရအားလုံးပါဝင်အောင် ပြန်လည်ဖွဲ့စည်းခဲ့ပြီးတော့ သမဝါယမအသင်းဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ(ဇ)ပါ အသင်းဟာ အသင်းသား၊ အသင်းဝင်များရဲ့အကျိုးကို ဦးတည်ဆောင်ရွက်ခြင်းဖြင့် ယင်းတို့ရဲ့ လူနေမှုအဆင့်အတန်းမြင့်မားရေးကို ရှေးရှုဆောင်ရွက်ရန်လို့ ပြဋ္ဌာန်းထားတာနှင့်အညီ လူမှုရေး၊ စီးပွားရေးအကျိုးကို အသင်းတွေက လုပ်ကိုင်ဆောင်ရွက်ပေးနိုင်ဖို့အတွက် မိမိတို့ သမဝါယမဦးစီးဌာနက ထိန်းကျောင်းတည့်မတ်ပေးလျက်ရှိကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးတင်ကိုကိုဦး(ခ)အတွတ်(ဘီးလင်းမဲန္ဒနယ်)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို ဆက်စပ်မေးခွန်းမေးခွင့်ပြုပါ။ စောစောက ဝန်ကြီးဖြေသွားတဲ့ဆီမှာ ကျွန်တော်တို့က ဥပဒေနဲ့အညီလုပ်တယ်ဆိုတာကို အတိုင်းအတာတစ်ခုအထိ လက်ခံလို့ရပါတယ်။ ဘာလို့လဲဆိုတော့ ဥပဒေဆိုတဲ့ဆီမှာ ကျွန်တော်တို့က တရားဥပဒေလား။ ဥပဒေလားဆိုတာတော့ တစ်ပိုင်းပေါ့။ နောက်တစ်ခုက ဝန်ကြီးဖြေသွားတဲ့ဆီမှာ အသင်းသားတွေကို ပြန်လည်ထုတ်ပေးတယ်ဆိုပြီး ပြောသွားတာရှိပါတယ်။ ဒီလို အသင်းသားတွေထုတ်ပေးတယ်ဆိုတာဟာ ညွှန်ကြားချက်အရ ထုတ်ပေးတယ်ဆိုတာမှန်ပေမဲ့ အောက်မှာ အမှန်တကယ် ထုတ်ပေးလား၊ မထုတ်ပေးလား ဆိုတာလည်း ပြန်လည်ဆန်းစစ်ပေးစေလိုပါတယ်။ တကယ်လို့ပြန်လည်ဆန်းစစ်မယ်ဆိုလည်း ကျွန်တော်တို့အနေနဲ့ ပူးပေါင်းပါဝင်ပေးမှာဖြစ်ပါတယ်။ ဒါတစ်ချက်ပါ။ နောက်တစ်ခုက နည်းဥပဒေ ၇၀ နည်းဥပဒေခွဲ(က)ကို ဘယ်ကနေရေးလဲဆိုတော့ ကျွန်တော်တို့ရဲ့အခြေခံမူ ပုဒ်မ ၃ ပုဒ်မခွဲ(ခ) ကနေပြီးတော့ လုပ်ငန်းအရပ်ရပ်ဆိုတာ ကျွန်တော်က ဒီနေရာမှာ မြန်မာစကားအရဆိုရင် ပုဒ်မ ၃ ပုဒ်မခွဲ(ခ)မှာ လုပ်ငန်းအရပ်ရပ်လို့ပါပြီးတော့ နည်းဥပဒေ ၇၀ နည်းဥပဒေခွဲ(က)မှာကတော့ ကျွန်တော်တို့က ကိစ္စအဝဝလို့ပါပါတယ်။ ဆိုတော့ လုပ်ငန်းအရပ်ရပ်နဲ့ ကိစ္စအဝဝဟာ ထပ်တူညီသလား။ နောက်တစ်ခုက အင်္ဂလိပ်စကားလုံးအနေဖြင့်လည်း လုပ်ငန်းအရပ်ရပ်ကို All Transaction လို့ သုံးပြီးတဲ့အခါကျတော့ ဒီနည်းဥပဒေမှာကျတော့ All Matter လို့သုံးပါတယ်။ အဲဒီတော့ မြန်မာစကားအရကြည့်မယ်ဆိုရင်ပဲ လုပ်ငန်းအရပ်ရပ်ဆိုတာ လုပ်ငန်းနဲ့ပတ်သက်တဲ့ ကိစ္စတွေဖြစ်ပြီးတော့ ကိစ္စအဝဝဆိုတာ အရာအားလုံးဖြစ်နေပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့က ဒါဟာ ဒီနည်းဥပဒေက ဥပဒေနဲ့ညီညွတ်ပါရဲ့လားဆိုတဲ့ဟာကို ကျွန်တော့်အနေနဲ့ ဝန်ကြီးကို ဆက်စပ်ပြီးတော့ ပြန်ပြီးတော့မေးတာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားနိုင်က ဖြေကြားပေးပါ။

မူကြမ်း

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ဆက်စပ်မေးခွန်းမှာ ပထမတစ်ချက်ဖြစ်တဲ့ တကယ် အကျိုးခံစားခွင့်မရရှိတဲ့ကိစ္စရပ်တွေ အကျိုးခံစားခွင့်ရအောင် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတင်ပြသွားသလို မိမိတို့လည်းပဲ ပြန်လည်စိစစ်ပေးပါမယ်။ ခုန လုပ်ငန်းအရပ်ရပ်နဲ့ ကိစ္စအဝဝဟာ စကားရပ်အပိုင်းဖြစ်ပါတယ်။ ဆိုတော့ လုပ်ငန်းအရပ်ရပ်အပေါ်မှာ အားလုံးလွှမ်းခြုံ ပြီးတော့မှ ကျွန်တော်တို့ရည်ညွှန်းတာကတော့ ကိစ္စအရပ်ရပ်တို့ ရည်ညွှန်းတဲ့သဘောဖြစ်ပါတယ်။ ဒီနေရာမှာ တစ်ဆက်တစ်စပ်တည်းတင်ပြလိုတာကတော့ မိမိတို့ ၁၉၉၂ ခုနှစ်၊ သမဝါယမအသင်း ဥပဒေနဲ့ပတ်သက်ပြီးတော့ သမဝါယမအသင်းဥပဒေပါ အကြောင်းအခြင်းအရာကိစ္စရပ်တွေနဲ့ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုမှာ အားလုံးလိုက်လျောညီထွေဖြစ်ပြီးတော့ အားနည်းချက်မရှိစေဖို့အတွက်ကို အားလုံးပြန်လည်သုံးသပ်ပြီးတော့ သမဝါယမအသင်းဥပဒေကို ပြန်လည်ပြင်ဆင်ဖို့အတွက် ဒါ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးတွေကနေပြီးတော့ ကမ္ဘကထ လုပ်ပြီးတော့ ဆောင်ရွက်ခဲ့မှုရှိပါတယ်။ အခုက ဆိုရင် နှစ်ကြိမ်တိတိ မိမိတို့ညှိနှိုင်းဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ဒီနှစ်ကြိမ်တိတိ ညှိနှိုင်းဆောင်ရွက်ပြီးတဲ့နောက်မှာ ဆက်လက်ပြီးတော့လည်းပဲ မိမိတို့ ဒီ ၁၉၉၂ ခုနှစ်၊ သမဝါယမအသင်းဥပဒေမှာ လက်ရှိပြဋ္ဌာန်းထားတဲ့အခြေအနေရယ်၊ နောက် သမဝါယမအသင်းကနေပြီးတော့ အပြည်ပြည်ဆိုင်ရာသမဝါယမအသင်းလို့ခေါ်တဲ့ International Cooperative Alliances မှာ အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်တဲ့အပေါ်မှာ ယင်းရဲ့ Prosperity နဲ့လည်းပဲ အကျုံးဝင်ပတ်သက်မှုရှိပြီးတော့ ကျွန်တော်တို့အားလုံး ထိန်းကျောင်းသွားနိုင်မယ့် သမဝါယမဥပဒေတစ်ရပ်ဖြစ်ပေါ်ရေးအတွက်ကိုလည်းပဲ မိမိတို့စီမံဆောင်ရွက်နေတဲ့အကြောင်း အခု လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းနဲ့ဆက်စပ်ပြီးတော့ မိမိအနေနဲ့ ပြန်လည်ရှင်းလင်းတင်ပြ အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒီနေရာမှာ လွှတ်တော်ကိုယ်စားလှယ်ကို သတိပေးလိုပါတယ်။ အစောတုန်း က လွှတ်တော်ကိုယ်စားလှယ်က ဆက်စပ်မေးခွန်းမေးမြန်းတဲ့နေရာမှာ သုံးနှုန်းသွားတဲ့ တရားဥပဒေလား။ ဥပဒေလားဆိုတဲ့စကားရပ်တစ်ခု ရှိပါတယ်။ ဒီဟာက လွှတ်တော်ထဲမှာ ပြောကြားနေတာဖြစ်ပါတယ်။ လွှတ်တော်ရဲ့ဂုဏ်သိက္ခာကို လေးစားလိုက်နာဖို့လိုသလို လွှတ်တော် ကိုယ်စားလှယ်ရဲ့ ဂုဏ်သိက္ခာကိုလည်း လွှတ်တော်ကိုယ်စားလှယ်ရဲ့ စကားရပ်တွေနဲ့ သုံးနှုန်း တတ်ဖို့၊ စဉ်းစားပြီးသုံးနှုန်းဖို့၊ သင့်လျော်တဲ့စကားတွေသုံးနှုန်းဖို့လိုပါတယ်။ တရားဥပဒေလား။ ဥပဒေလားဆိုတဲ့ အသုံးအနှုန်းတွေကိုပြောလိုက်တာ ကြားလိုက်သလိုဖြစ်ပါတယ်။ ဥပဒေဆိုတာ တစ်မျိုးထဲရှိပါတယ်။ နောင်ကျရင် အခုလိုစကားရပ်မျိုးတွေ မသုံးဖို့သတိပေးပါတယ်။

**ပဲခူးခရိုင်အတွင်းရှိ ပဲခူးမြို့နယ်၊ ဝေါမြို့နယ်၊ သနပ်ပင်မြို့နယ်နှင့် ကဝမြို့နယ်များ နွေစပါး စိုက်ပျိုးရေးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ မိုင်(၃၀) စိမ်းလန်းစိုပြည်ရေးစီမံကိန်းအတွက် ရေကို အချိန်အခါမီ လုံလောက်စွာ သိုလှောင်ထိန်းသိမ်းဖြန့်ဝေပေးနိုင်ရန်အတွက် စစ်ပင်ဆိပ်ချောင်းတွင် ရေတံခါးတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်း၊ ပဲခူးခရိုင်အတွင်းရှိ ပဲခူးမြို့နယ်၊ ဝေါမြို့နယ်၊ သနပ်ပင်မြို့နယ်နှင့် ကဝမြို့နယ်များ နွေစပါးစိုက်ပျိုးရေးနှင့် ရန်ကုန် တိုင်းဒေသကြီး စိမ်းလန်းစိုပြည်ရေးစီမံကိန်းအတွက် ရေကိုအချိန်အခါမီ လုံလောက်စွာသိုလှောင် ထိန်းသိမ်းဖြန့်ဝေပေးနိုင်ရန် စစ်ပင်ဆိပ်ချောင်းတွင် ရေတံခါးတစ်ခုတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းလိုတာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ပဲခူး မြို့နယ်၊ ဝေါမြို့နယ်နှင့် ကဝမြို့နယ်များမှာရှိတဲ့ ရေနက်ကွင်းများမှာ ရေကျနောက်စိုက်စပါးနှင့် နွေစပါးစိုက်ဧက ၇၀၀၀၀ ခန့်ရှိပြီးတော့ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်နှင့် သုံးခွမြို့နယ် တွေမှာ ဧက ဖ၀၀၀ ခန့်ရှိတယ်လို့ သိရပါတယ်။ အဲဒီ နွေစပါးစိုက်ပျိုးရေးအတွက် ဇောင်းတူ၊ ကိုဒူကွဲ၊ ရွှေလောင်း၊ စလူနဲ့ ဝါးကဒုတ်စတဲ့ ရေလှောင်တမံများမှ ဆည်ရေတွေကို ဇောင်းတူရေသွယ်မြောင်းမှ တစ်ဆင့် မိုးယွန်းကြီးကန်မှာ သိုလှောင်ပြီးတော့ ပြန်လည်ဖြန့်ဝေရတာဖြစ်ပါတယ်။ မိုးယွန်းကြီး ကန်ကိုရေဖြည့်ဖို့ စစ်ပင်ဆိပ်ချောင်းနှင့် ပဲခူးမြစ်ဆုံရာမှာ နှစ်စဉ်မြေသားတမံ ပိတ်ဆို့ဆောင်ရွက် ရတာ အခုဆိုနှစ်ပေါင်း ၂၀ ခန့် ရှိပြီဖြစ်ပါတယ်။ အဲဒီလို တမံပိတ်ဖို့ အခုဆိုမြေသားရှားပါး လာပြီးတော့ သဘာဝပတ်ဝန်းကျင်လည်း ပျက်စီးလာနေတာကြောင့် အခိုင်အမာရေတံခါးတစ်ခု တည်ဆောက်ရန်လိုအပ်နေတာဖြစ်ပါတယ်။ ဒါ့အပြင် တမံပိတ်ရာမှာ မြစ်ရေအခြေအနေအရ နှစ်စဉ်ဒီဇင်ဘာလရောက်မှသာ ဆောင်ရွက်နိုင်တာကြောင့် မိုးယွန်းကြီးကန်ကို ရေကူဖြည့်ရာမှာ နောက်ကျရပြီးတော့ ပြန်လည်ပေးဝေရာမှာလည်း အချိန်နောက်ကျရ ရေမလုံမလောက်ဖြစ်ကြ ရပါတယ်။ အခုနှစ်မှာဆိုလို့ရှိရင် မုတ်သုံဆုတ်တာစောပြီးတော့ မိုးနှောင်းလည်းမကောင်း တာကြောင့် မိုးယွန်းကြီးကန်ရေကူဖြည့်ရာမှာလိုအပ်တဲ့ ရေမှတ်မပြည့်ဘဲ စိုက်ပျိုးရေဖြန့်ဝေရာမှာ လည်း ရေမလုံမလောက်ဖြစ်ကြပြီးတော့ နှစ်စဉ်အောင်မြင်ဖြစ်ထွန်းခဲ့တဲ့ နွေစပါးစိုက်ဧကများစွာ ပျက်စီးဆုံးရှုံးတာနှင့် ရင်ဆိုင်နေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ဖော်ပြပါ အကြောင်းများကြောင့် စစ်ပင်ဆိပ်ရေတံခါး တည်ဆောက်ရန် လိုအပ်တဲ့အပြင် မိုးယွန်းကြီးကန်ပေါင်ကျောက်စီနံရံ ရေပိုလွှဲနှင့် ဆက်စပ်တဲ့

ရေတံခါးတွေ၊ တာပေါင်တွေရေဝင်၊ ရေထွက်ချောင်းတွေကိုပါ လိုအပ်သလို ပြုပြင်ထိန်းသိမ်းပေးရန် လိုအပ်မှာဖြစ်ပါတယ်။ Power Point သုံးခွင့်ပြုပါခင်ဗျား။ ဒါကတော့ နွေစပါးစိုက်ကေတွေ ဖြစ်ပါတယ်။ မြေပြင်မှာတော့ ဒီထက်ပိုပြီးတော့ များပါတယ်ခင်ဗျား။ ဒါကတော့ ချောင်းပိတ်ရာမှာ ခဲရခဲစစ်လုပ်နေရတာဖြစ်ပါတယ်။ တမံပိတ်တာ မြေသားရှားပါးလာတာနှင့် တမံပိတ်တဲ့အခါမှာ နှစ်စဉ်ဒီဇင်ဘာရောက်မှ နောက်ကျပြီးပိတ်တဲ့အတွက် ရေမလုံလောက်တာကိုလည်း ဖော်ပြလို တာဖြစ်ပါတယ်။ ဒါကတော့ အောင်မြင်ဖြစ်ထွန်းတဲ့ နွေစပါးစိုက်ခင်းတွေဖြစ်ပါတယ်။ တစ်ဧကကို စပါးတင်း ၁၅၀ ကနေ ၁၆၀ လောက်ထိ ထွက်ပါတယ်။ ဒါကတော့ ဒီနှစ် စနေ့၊ တနင်္ဂနွေပြန်သွား တုန်းကလည်း တောင်သူလယ်သမားတွေကပြတဲ့ မြင်ကွင်းတွေဖြစ်ပါတယ်။ နွေစပါးစိုက်ကေတွေ ပျက်စီးနေပုံဖြစ်ပါတယ်။ ဒါကတော့ ထပ်မံပြီးတော့လုပ်ဖို့လိုအပ်တဲ့ဟာရယ်၊ ဆောင်ရွက်ဆဲတွေနှင့် ဆောင်ရွက်ပြီးတဲ့ဟာတွေကို ဖော်ပြတာဖြစ်ပါတယ်။ အစိမ်းနဲ့ဖော်ပြတာက နောက်ထပ်ထပ်ပြီး တော့ ဆောင်ရွက်မည့်ဟာတွေဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုတင်ပြတဲ့ စီမံကိန်းတွေကိုဆောင်ရွက်နိုင်မယ်ဆိုရင် မိုးယွန်းကြီးကန် ကို မိုးရာသီကုန်တာနှင့်တစ်ပြိုင်တည်း ရေကူဖြည့်နိုင်ကာ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်း ဒေသကြီးမှာရှိတဲ့ သနပ်ပင်မြို့နယ်၊ ပဲခူးမြို့နယ်၊ ဝေါမြို့နယ်၊ ကဝမြို့နယ်၊ ခရမ်းမြို့နယ်နှင့် သုံးခွမြို့နယ်များမှာရှိတဲ့ နွေစပါးစိုက်ကေ ၇၀၀၀၀ ကျော်တို့အတွက်ပါ စိုက်ပျိုးရေလုံလောက်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ရေကျနောက်စိုက်နှင့် နောက်ထပ်နွေစပါးစိုက်ကေများလည်း ထပ်မံတိုးချဲ့ စိုက်ပျိုးနိုင်မှာဖြစ်ပြီးတော့ တောင်သူလယ်သမားတွေနှင့် ဆက်စပ်သူတွေကိုပါ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာစေမှာဖြစ်တဲ့အပြင် မိုးယွန်းကြီးကန်ရေတိမ်ဒေသအတွက်လည်း စိုက်ပျိုးရေ ပေးဝေရမှုကြောင့် ကန်ရေလျော့နည်းတဲ့ပြဿနာကိုပါ ပြေလည်စေမှာဖြစ်တဲ့အတွက် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးမေးမြန်းတဲ့ ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်း၊ ပဲခူးခရိုင်အတွင်းမှာရှိတဲ့ သနပ်ပင်မြို့နယ်နှင့် ကဝမြို့နယ်များတွင် နွေစပါး စိုက်ပျိုးရေးနှင့် ရန်ကုန်တိုင်းဒေသကြီး မိုင်(၃၀)စိမ်းလမ်းစိုပြည်ရေးစီမံကိန်းအတွက် လိုအပ်တဲ့ရေကို အချိန်အခါမီ လုံလောက်စွာသိုလှောင်ထိန်းသိမ်းပေးနိုင်ဖို့အတွက်ဒေသတွင်း

မူကြမ်း

စစ်ပင်ဆိပ်ချောင်းမှာ ရေထိန်းတံခါးတစ်ခု တည်ဆောက်ပေးရန် အစီအစဉ်နှင့်စပ်လျဉ်းတဲ့ မေးခွန်းအပေါ်မှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ်ဖြေကြားပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီးအတွင်း ပဲခူးမြို့နယ်၊ ဝေါမြို့နယ်၊ သနပ်ပင်မြို့နယ်ဦ ကဝမြို့နယ်တွင် ဖြတ်သန်းဖောက်လုပ်ထားတဲ့ ယခင်လက်ထက်ကတည်းက တည်ဆောက်ခဲ့တဲ့ ပဲခူး-စစ်တောင်းတူးမြောင်းကနေပြီးတော့ အဆိုပါမြို့နယ်များမှာရှိတဲ့ နွေစပါးစိုက်ခင်းတွေကို စိုက်ပျိုးရေပေးဝေလျက်ရှိပါတယ်။ ဒ့ါအပြင် ရန်ကုန်မြို့တော် မိုင်(၃၀) စိမ်းလန်းစိုပြေဖို့စီမံထားတဲ့ မြောင်းမကြီးကို ရေသွင်းပြီး ခရမ်းမြို့နယ်၊ သံလျင်မြို့နယ်များအထိ စိုက်ပျိုးရေးပေးဝေနိုင်အောင် စီမံဆောင်ရွက်လျက်ကြောင်း တင်ပြအပ်ပါတယ်။ လက်ရှိအခြေအနေမှာ နွေစပါးစိုက်ပျိုးနိုင်ဖို့အတွက် ဇောင်းတူ၊ ကိုဒူကွဲ၊ စလူ၊ ရွှေလောင်းစတဲ့ ဒေသအတွင်းက ရေလှောင်တမံငယ်တွေရဲ့ သိုလှောင်ထားတဲ့ရေတွေကို ဇောင်းတူရေလွှဲဆည်မှတစ်ဆင့် မိုးယွန်းကြီးကန်ကို အဓိကရေကူဖြည့်တင်းပေးပါတယ်။ ယင်းကနေတစ်ဆင့် ပဲခူး-စစ်တောင်းတူးမြောင်းသို့ ရေချပေးပြီးတော့ စိုက်ပျိုးရေလိုအပ်ချက်ကို တိုင်းဒေသကြီးနှစ်ခုအတွက် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ နွေရာသီကာလမှာ အဆိုပါအစီအမံနှင့် ရေလိုအပ်ချက်တွေ ဖြည့်ဆည်းလုပ်ကိုင်ပေးရာမှာပေးဝေတဲ့ဆည်ရေကို ထိန်းသိမ်းနိုင်စေဖို့အတွက် ဇောင်းတူရေလွှဲဆည်ရဲ့ အထက်ဘက်တစ်မိုင်ခန့်အကွာမှာရှိတဲ့ ပဲခူးမြစ်နှင့် စစ်ပင်ဆိပ်ချောင်းနေရာမှာ အလျား ၅၈၅ ပေနှင့် အမြင့် ပေ ၅၀ ရှိတဲ့ မြေသားချောင်းပိတ်တမံတစ်ခုကို နှစ်စဉ်ဆောင်ရွက်ခဲ့ရပါတယ်။ ဒီလိုဆောင်ရွက်ခဲ့မှုဟာ နှစ်ပေါင်း ၂၀ ခန့်ကြာမြင့်ခဲ့ပြီလည်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု အခြေအနေမှာ မြေသားချောင်းပိတ်တမံအတွက် မြေရယူဖို့ရှားပါးခက်ခဲလာတဲ့ အခြေအနေလည်းဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်အခြေအနေတွေ တစ်စတစ်ထိခိုက်ပျက်စီးလာနိုင်မှုတွေရှိသလို ကုန်ကျစရိတ်တွေကလည်းပဲ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာမှုရှိနေပါတယ်။ ဒ့ါအပြင် မြေသားတမံပိတ်ရာမှာ ပဲခူးမြစ်ရေစီးရေလာအခြေအနေအရ ဒီဇင်ဘာလရောက်မှသာ လုပ်ငန်းဆောင်ရွက်နိုင်တဲ့အတွက် မိုးယွန်းကြီးကန်ကို ရေကူဖြည့်တင်းပေးနိုင်ဖို့ နှောင့်နှေးကြန့်ကြာမှုတွေ ကြုံတွေ့လာရပါတယ်။ တစ်ဆက်တည်းမှာပဲ စိုက်ပျိုးရေပေးဝေချိန် နောက်ကျတာနှင့်အတူ စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းရေးအတွက် အခက်အခဲများလည်း ရှိလာပါတယ်။ ဒါကြောင့် စစ်ပင်ဆိပ်ရေထိန်းတံခါးကို အခိုင်အမာတည်ဆောက်ပေးနိုင်ဖို့ လိုအပ်လာတဲ့အနေအထားဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အဆိုပါရေထိန်းတံခါး တည်ဆောက်ဖို့အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းပမာဏဟာ ကြီးမားပြီး ကုန်ကျရမည့် ကုန်ကျစရိတ်ကလည်း များပြားမှာဖြစ်ပါတယ်။ အဆိုပါ စစ်ပင်ဆိပ်ရေထိန်းတံခါး တည်ဆောက်နိုင်ဖို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ကနဦးစီမံကိန်းအဆိုပြုလွှာ ပြုစုဆောင်ရွက်ပါတယ်။ ယခုအဆိုပါ

စီမံကိန်းအဆိုပြုလွှာကိုလည်း ပြုစုပြီးလည်းဖြစ်ပါတယ်။ အဲဒီစီမံကိန်းအဆိုပြုလွှာကို နိုင်ငံတော်ရဲ့ Project Bank မှာထည့်သွင်းပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြထားပြီးလည်း ဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းစီမံကိန်းကြီးအတွက် ခန့်မှန်းကုန်ကျငွေ ကျပ် ၁၅ ဘီလီယံခန့် ဖြစ်ပါတယ်။ ယခု ၂၀၂၀-၂၀၂၁ တိုင်းဒေသကြီးရန်ပုံငွေမှာ ကျပ် သုံးဘီလီယံခန့် ထည့်သွင်းလျာထား ပြီးတော့ စီမံကိန်းကာလကို သုံးနှစ်လျာထားဆောင်ရွက်သွားမှာဖြစ်ပါကြောင်းနှင့် ရန်ပုံငွေခွဲဝေ ရတာနှင့်အညီ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှလုပ်ငန်းများ အကောင်အထည် ဖော် စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့် အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဆီဆိုင်မြို့နယ်၊ အနောက်မြောက်ခြမ်း တောင်ကြီးမြို့နယ်နှင့် ဆက်စပ်ဒေသဖြစ်သော ဆိုက်ခေါင်-နောင်ဆံဗတ်-နောင်ကဖား-ပုံးလောင်း-နောင်လုံ(မြောက်) ကျေးလက်လမ်းအား မြေသားလမ်း သဲပြုန်းခင်းခြင်း သို့မဟုတ် ကျောက်ချောလမ်းအဖြစ် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်သန်းထူး(ဆီဆိုင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝင် ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ လေးစား ရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ ဆီဆိုင်မြို့နယ်မှာ မြို့ပေါ်ခြောက်ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၃ အုပ်စု၊ ကျေးရွာပေါင်း ၃၂၀ နဲ့ဖွဲ့စည်းထားပြီးတော့ ပအိုဝ်း၊ ရှမ်း၊ ဗမာ၊ လီဆူ၊ ကယားနဲ့ အခြားလူမျိုးများ လူဦးရေ ၁၅၀၀၀၀ ခန့်နေထိုင်တဲ့ မြို့နယ် တစ်ခုဖြစ်ပါတယ်။ ပါလောပါကယ်ကျေးရွာအုပ်စုဟာဆိုရင် ကျေးရွာပေါင်း ၅၀ နဲ့ဖွဲ့စည်းထားရှိပြီး လူဦးရေ ၂၄၀၀၀ ခန့်နေထိုင်လျက်ရှိတဲ့ ကြီးမားတဲ့ကျေးရွာအုပ်စုတစ်ခု ဖြစ်ပါတယ်။ တောင်ငူ-လွိုင်ကော်-ဟိုပုန်းပြည်ထောင်စုလမ်းမကြီးမှ တောင်မြောက်အလိုက် ဖြတ်သန်းထားတဲ့ မြေပြန့် ဒေသဖြစ်ပြီး အနောက်ဘက်ခြမ်းမှာ တောင်ကြီးမြို့နယ်နဲ့ နန့်တဘက်ချောင်းကပိုင်းခြားထား ပြီးတော့ မြေနိမ့်ပိုင်းဒေသဖြစ်ပါတယ်။

ဆိုက်ခေါင်ကျေးရွာကြီးမှ နောင်ဆန်ဗတ်-နောင်ကဖား-ပုံးလောင်း-နောင်လုံ(မြောက်)ကနေ မှ ဗန်းရင်-လွယ်ဆောင်ကတ္တရာလမ်းသို့ ချိတ်ဆက်ထားတဲ့ ကျေးလက်လမ်းဟာဆိုရင် အရှည်

၈.၄ မိုင်ရှိပါတယ်။ နန့်တာဘက်ချောင်းတစ်လျှောက်နှင့် နီးစပ်စွာတည်ရှိပြီး စိုက်ပျိုးမြေကောင်းမွန်၍ စိုက်ပျိုးသီးနှံများ ထွက်ကုန်များပြားတဲ့ ဒေသဖြစ်တဲ့အပြင် သမိုင်းဝင်မွေတော်ကက္ကူဘုရားနှင့် နီးကပ်စွာတစ်ဆက်တစ်စပ်ရှိသော ဒေသဖြစ်ပါတယ်။ မိုးတွင်းအခါမှာ သွားလာခက်ခဲတဲ့ဒေသ ဖြစ်ပါတယ်။ ၎င်းလမ်းဟာဆိုရင် ၂၀၀၀ ပြည့်နှစ်ပတ်ဝန်းကျင်မှာ တောင်ကြီးမြို့သို့သွားလာရာမှာ ခရီးမိုင်တိုင်တိုတဲ့အတွက် အဓိကအားထားသွားလာခဲ့တဲ့ လမ်းတစ်လမ်းဖြစ်ခဲ့ပြီးတော့ ထိုစဉ် အခါက ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ အထူးဒေသ(၆)ငြိမ်းချမ်းရေးအဖွဲ့(PNA)၊ ယခုအခါ အသွင်ပြောင်း ပြည်သူ့စစ်အစီအစဉ်နဲ့ ဒေသခံလုပ်ငန်းရှင်များ၊ ကားပိုင်ရှင်များနဲ့ပူးပေါင်းပြီး ကျောက်လမ်းခင်းခဲ့ ပြီးတော့ နှစ်ကြာလာတဲ့အခါမှာ ကျောက်ကြမ်းလမ်းများနဲ့ ချိုင့်ခွက်ကြီးများဖြစ်ပေါ်ပြီးတော့ သွားလာမှုခက်ခဲလျက်ရှိပါတယ်။ ၎င်းကျေးလက်လမ်းဟာ စံကိုက်မြေသားသဲဖြုန်းခင်းခြင်းနှင့် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးပါက အခြေချနေထိုင်သော ဒေသခံပြည်သူ ၂၀၀၀ ခန့် အား အကျိုးပြုမှာဖြစ်ပြီးတော့ ဒေသထွက်သီးနှံများသယ်ယူပို့ဆောင်ရာမှာ စရိတ်များစွာသက်သာ လာစေမှာဖြစ်ပါတယ်။ ဒေသအတွင်းမှာနေထိုင်ကြတဲ့ ဒေသခံပြည်သူများနဲ့ ဆရာတော်သံဃာတော် များနဲ့ ရပ်မိရပ်ဖများ၊ ရွာသူကြီးများကလည်း ၎င်းတို့အတွက် သွားလာမှုခက်ခဲတဲ့ အဲဒီလမ်းကို အဆင့်မြှင့်တင်ပေးစေလိုကြောင်း မိမိထံမကြာခဏ တင်ပြပြောကြားလာပါတယ်။ သို့ဖြစ်ပါ၍ ဆီဆိုင်မြို့နယ်၊ အနောက်မြောက်ဘက်ခြမ်း တောင်ကြီးမြို့နယ်နှင့် ဆက်စပ်ဒေသဖြစ်တဲ့ ဆိုက်ခေါင်-နောင်ဆံဗတ်-နောင်ကဖား-ပုံးလောင်း-နောင်လုံ(မြောက်) ကျေးလက်လမ်းအား မြေသားလမ်း သဲဖြုန်းခင်းခြင်း သို့မဟုတ် ကျောက်ချောလမ်းအဖြစ် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့် တင်ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ဆောင်ရွက်ပေးမည့်အစီအစဉ်ကို သိရှိလိုပါသဖြင့် မဲဆန္ဒရှင် ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြား ထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရှမ်းပြည်နယ်၊ ဆီဆိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သန်းထူးမေးမြန်းထားသော ဆီဆိုင် မြို့နယ်၊ အနောက်မြောက်ခြမ်း တောင်ကြီးမြို့နယ်နှင့် ဆက်စပ်ဒေသဖြစ်သော ဆိုက်ခေါင်- နောင်ဆံဗတ်-နောင်ကဖား-ပုံးလောင်း-နောင်လုံ(မြောက်)ကျေးလက်လမ်းအား မြေသားလမ်း

သဲပြုန်းခင်းခြင်း သို့မဟုတ် ကျောက်ချောလမ်းဆောင်ရွက်ပေးမည့်အစီအစဉ်ကို သိရှိလိုခြင်းနှင့် မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်၊ ပါလောပါကယ်ကျေးရွာအုပ်စုရှိ ဆိုက်ခေါင်-နောင်ဆံဗတ်-နောင်ကဖား-ပုံးလောင်း-နောင်လုံ(မြောက်) ကျေးရွာချင်းဆက်လမ်းအရှည်ခုနစ်မိုင်သည် လမ်းအဆင့်သတ်မှတ်ချက် Class(A)ဦးစားပေးအဆင့်(၂)လမ်းမှာပါဝင်ပြီးတော့ ကျေးရွာလေးရွာ၊ အိမ်ခြေ ၂၉၀၊ လူဦးရေပေါင်း ၁၃၀၀ ကျော်ကို အကျိုးပြုသောလမ်းဖြစ်ပါသဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အဆင့်မြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်းပိုင်းတွင် ကွန်ကရစ်လမ်းခင်းရန် ကျန်ရှိနေသေးသည့် ၁၅ မိုင် ၆ ဖာလုံကို ၂၀၁၉-၂၀၂၀ ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မက ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ Power Point တင်ပြခွင့်ပြုပါရှင်။ ကျွန်မမေးမယ့်မေးခွန်းကတော့ ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်းပိုင်းတွင် ကွန်ကရစ်လမ်းခင်းရန်ကျန်ရှိနေတဲ့ ၁၅ မိုင် ၆ ဖာလုံကို ၂၀၁၉-၂၀၂၀ ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် မရှိပါက လာမည့်ဘဏ္ဍာရေးနှစ် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ၎င်းလမ်းကို ကွန်ကရစ်လမ်းအဖြစ် အပြီးဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိမေးခွန်းပဲ ဖြစ်ပါတယ်ရှင့်။ ပုဏ္ဏားကျွန်း-ရသေ့တောင်ကားလမ်းဟာ ၂၂ မိုင် ၆ ဖာလုံရှည်လျားပါတယ်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ လုပ်ငန်းဆောင်ရွက်ခဲ့ရာ ၎င်းလမ်းမအရှည်ကို တစ်ကြောင်းထိုးမြေသားလမ်းအဖြစ် ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်မှ ၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ နှစ်အလိုက်ဆောင်ရွက်ချက်များကိုတော့ မေးခွန်းမေးတဲ့အခါတွေက ဖော်ပြထားပြီးဖြစ်ပါတယ်။ ဒီပုံ(၂)ကတော့ ပုဏ္ဏားကျွန်းဘက်ကနေခင်းထားတာ ဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ၁၈ ပေအကျယ်ရှိတဲ့ ကွန်ကရစ်လမ်း ခုနစ်မိုင်ကို ပြီးစီးအောင်ဆောင်ရွက်နေပါတယ်။ ကွန်ကရစ်လမ်းဆက်လက်ဆောင်ရွက်ရန် ၁၅/၆ မိုင်ကျန်ရှိနေပါသေးတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဒီလမ်းအတွက်ဘဏ္ဍာငွေ လုံးဝထည့်သွင်းခွင့်မရှိတာကိုလည်း တွေ့ရှိရပါတယ်။

ဒီပုံ(၃)ကတော့ တချို့လမ်းပိုင်းနေရာများမှာ လမ်းများပျက်စီးနေတဲ့ပုံတွေပဲ ဖြစ်ပါတယ်။ ဒါကြောင့် ပွင့်လင်းရာသီမှာရော မိုးရာသီမှာပါ သွားလာရေးအခက်အခဲများစွာနဲ့ ကြုံတွေ့နေကြရပါတယ်။ အထူးသဖြင့် မိုးရာသီမှာဆိုရင် ကားများရပ်နားထားရတဲ့အခြေအနေတွေနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ကြရပါတယ်ရှင်။ ဒီပုံ(၄)ကတော့ မိုးရွာလျှင်ခင်းထားတဲ့ကျောက်များ မိုးရေနဲ့အတူမျောပါသွားပြီးတော့ မြေမှုန့်ကဲ့သို့ဖြစ်သွားကာ မိုးစဲလို့ရှိရင်လည်း မြေသားလမ်းအဖြစ် ကျန်ရှိနေကြတာကို တွေ့ကြရမှာဖြစ်ပါတယ်ရှင်။ ဒီပုံ(၅)ကတော့ ယခုလောလောဆယ်ဆယ်မှာ တချို့လမ်းပိုင်းနေရာများတွင် ကျောက်ခင်းလျက်ရှိနေတဲ့ ပုံတွေပဲဖြစ်ပါတယ်။ မြေသားလမ်းမှ ကျောက်ခင်းလမ်း၊ ကျောက်ခင်းလမ်းမှ ကွန်ကရစ်လမ်းအဖြစ် ဝန်ကြီးဌာနမှ အဆင့်မြှင့်ပြုလုပ်ရာတွင် ကြားကာလမှာ အချိန်ကြာမြင့်သွားလို့ရှိရင် ကျောက်ခင်းလမ်းများပိုမိုပျက်စီးသွားတာ တွေ့ရမှာဖြစ်ပါတယ်။ ပြည်သူ့ဘဏ္ဍာငွေများလည်း အကျိုးမရှိဖြစ်သွားတတ်ပါတယ်။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးရှင်။ အစိုးရဝန်ထမ်းများနဲ့ နယ်သူနယ်သားများက နေ့စဉ်နေ့တိုင်း အချိန်မရွေးလူမှုစီးပွားဘဝအတွက် ဒီလမ်းကိုပဲ အသုံးပြုသွားလာနေကြရပါတယ်။ ၂၂ မိုင် သာရှိတဲ့လမ်းကို နှစ်နာရီလောက်သွားလာနေရခြင်းက နီးရက်နဲ့ဝေးနေတဲ့ခရီးစဉ်တစ်ခုဖြစ်တဲ့အတွက် ဒီမေးခွန်းကို မဲဆန္ဒရှင်ပြည်သူများကိုယ်စား လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေမေးမြန်းထားတဲ့ ပုဏ္ဏားကျွန်း-ရသေ့တောင် လမ်းပိုင်းတွင် ကွန်ကရစ်ခင်းရန်ကျန်ရှိနေတဲ့ ၁၅/၆ မိုင်ကို ၂၀၁၉-၂၀၂၀ ဖြည့်စွက်တွင် ထည့်သွင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် မရှိပါက လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ၎င်းကိုကွန်ကရစ်လမ်းအဖြစ် အပြီးဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းနဲ့စပ်လျဉ်းတဲ့ မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်းသည် အရှည် ၂၂/၆ မိုင်ရှိပြီးတော့ အခုချိန်မှာတော့ ကွန်ကရစ်လမ်း ခုနစ်မိုင်ခင်းထားပြီးတော့ ၁၅/၆ မိုင်ကို ကွန်ကရစ်လမ်းခင်းဖို့ ကျန်ရှိပါတယ်။ အဆိုပါ ၁၅/၆ မိုင် ကျန်ရှိတဲ့အနက် ခြောက်ဖာလုံကိုတော့ အခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ရဲ့ ဖြည့်စွက်ရန်ပုံငွေမှာ ၅၀၆ သန်းတင်ပြထားပါတယ်။ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီးတော့ ကျန်ရှိ

နေတဲ့ ၁၅ မိုင် လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ဖို့ကိုတော့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု နှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ငွေလုံးငွေရင်းရန်ပုံငွေတို့မှာ လျာထားတင်ပြတောင်းခံသွားမည် ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။

**ရပ်စောက်မြို့နယ်၊ ပါမဲကျေးရွာအုပ်စု၊ ထင်းကွင်း-လယ်မီး-နန့်ဟူးကျေးရွာချင်းဆက်လမ်းပေါ်ရှိ ဇော်ဂျီချောင်းကူး သစ်သားတံတား (၁၇၅ x ၁၄ x ၂၂ ပေ) အား သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(ရပ်စောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ဧည့်သည်များ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်တောင်ပိုင်း၊ ရပ်စောက်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရပ်စောက်မြို့နယ်၊ ပါမဲကျေးရွာအုပ်စု၊ ထင်းကွင်း-လယ်မီး-နန့်ဟူးကျေးရွာချင်းဆက်လမ်းပေါ်ရှိ ဇော်ဂျီချောင်းကူး တံတား အရှည် ၁၇၅ ပေ၊ အကျယ် ၁၄ ပေ၊ အမြင့် ၂၂ ပေတံတားနှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်စောက်မြို့နယ်၊ ပါမဲကျေးရွာအုပ်စုအတွင်းရှိ ထင်းကွင်း-လယ်မီး-နန့်ဟူး-ခဲပူ-နက်ကရန် ကျေးရွာချင်းဆက်မြေသားလမ်းပေါ်တွင် တည်ဆောက်ထားသော ဇော်ဂျီချောင်းကူးသစ်သား တံတားသည် ၂၀၀၀ ပြည့်နှစ်မှစ၍ ကျေးရွာပြည်သူများ ကိုယ့်အားကိုယ်ကိုးစုပေါင်း၍ တည်ဆောက်ခဲ့ သော တံတားဖြစ်ပါတယ်။ ၎င်းတံတားကိုအသုံးပြု၍ ကျေးရွာငါးရွာမှအိမ်ထောင်စု ၇၇၃ စု၊ လူဦးရေ ၃၅၀၁ ဦး နေထိုင်လျက်ရှိပြီး ကျေးရွာပြည်သူများမှ လယ်ယာစိုက်ပျိုးမြေဧက ၅၄၀၀ ဧကကျော်ကို စပါး၊ ပြောင်း၊ မြေပဲ၊ သရက်၊ ထောပတ်များစိုက်ပျိုးထုတ်လုပ်လျက်ရှိပါတယ်။ ၎င်းကျေးရွာများမှ တက်ဦးကျေးရွာ အထက်တန်းကျောင်းသို့ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများ နေ့စဉ်ဖြတ်သန်းသွားလာနေရပြီး ပြည်သူလူထု၏ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးအတွက် မရှိမဖြစ်တံတားတစ်စင်း ဖြစ်ပါတယ်။ နှစ်စဉ်မိုးရာသီများတွင် ဇော်ဂျီချောင်းရေတိုက်စားမှုများကြောင့် တံတားအောက်ခြေထောက်တိုင်များ၊ တံတားကြမ်းခင်း များ၊ တံတားအောက်ခံယက်မများ မကြာခဏပျက်စီးပြီး ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အကြိမ်ကြိမ်ပြုပြင်တည်ဆောက်သွားလာနေရပါတယ်။

နှစ်စဉ်နှစ်တိုင်း အကြိမ်ကြိမ်ပျက်စီးခြင်း၊ အကြိမ်ကြိမ်ပြုပြင်သွားလာနေရခြင်းသည် ဒေသခံပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်လာစေပြီး လူမှုစီးပွားဘဝများ ပိုမိုထိခိုက်လာစေ

မူကြမ်း

ပါတယ်။ ဒေသခံပြည်သူများမှလည်း နှစ်စဉ်ကြုံတွေ့နေရသော လမ်းပန်းဆက်သွယ်ရေး အခက်အခဲများအတွက် ဇော်ဂျီချောင်းကူး ကွန်ကရစ်တံတားအသစ်တည်ဆောက်ပေးနိုင်ရေးကို လိုလားမျှော်လင့်တောင့်တလျက်ရှိနေကြပါတယ်။ ၎င်းဇော်ဂျီချောင်းကူးတံတား(နန့်ဟူး)အသစ် တည်ဆောက်ပေးနိုင်ရေးနဲ့စပ်လျဉ်းပြီး ၂၀၁၄ ခုနှစ် ဧပြီလတွင်ကျင်းပသည့် ပထမအကြိမ် ဒသမပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခဲ့ပြီး နှစ်အလိုက်ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိခဲ့ရပါတယ်။ သို့ဖြစ်ပါ၍ ရပ်စောက်မြို့နယ်၊ ပါမဲကျေးရွာအုပ်စု၊ ထင်းကွင်း-လယ်မီး-နန့်ဟူး-ခဲပူ-နက်ကရန်ကျေးရွာချင်းဆက် မြေသားလမ်းပေါ်တွင်ရှိသော ဇော်ဂျီချောင်းကူးတံတား(နန့်ဟူး) ၁၇၅ ပေ၊ ၁၄ ပေ၊ ၂၂ ပေ တံတားကို သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ ဒေသခံပြည်သူများ၏ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ရှမ်းပြည်နယ်၊ ရက်စောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်မေးမြန်းထားသော ရပ်စောက်မြို့နယ်၊ ပါမဲကျေးရွာအုပ်စု၊ ထင်းကွင်း-လယ်မီး-နန့်ဟူး ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ဇော်ဂျီချောင်းကူးသစ်သားတံတား (၁၇၅ x ၁၄ x ၂၂ ပေ)အား သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိသိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ပါမဲကျေးရွာအုပ်စု၊ ထင်းကွင်း-လယ်မီး-နန့်ဟူးကျေးရွာချင်းဆက် လမ်းပေါ်ရှိဇော်ဂျီချောင်းကူး(နန့်ဟူး)သစ်တံတားသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောတံတားဖြစ်ပါတယ်။ အဆိုပါတံတားသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class(B)၊ ဦးစားပေးအဆင့်(၁)လမ်းပေါ်တွင်ရှိသောတံတားဖြစ်ပြီး ကျေးရွာခြောက်ရွာ၊ အိမ်ခြေ ၇၃၃ အိမ်နှင့် လူဦးရေ ၃၅၀၀ ကို အကျိုးပြုသောတံတားဖြစ်ပါသဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် အစိုးရအဖွဲ့ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

**ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ အင်ရုံ-နားပွဲ-မောင်းတုန်းလမ်းမှ ကျန်ရှိနေသော လမ်းမိုင်ခြောက်မိုင်ခန့်အား မည်သည့်ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

မူကြမ်း

**ဥက္ကဋ္ဌ။** ။ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနေထက်ဝင်း(ဆင်ပေါင်ဝဲမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့် အားလုံးပဲမင်္ဂလာအပေါင်းနှင့်ပြည့်စုံနိုင်ကြပါစေ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေထက်ဝင်းဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူတွေသွားလာ လွယ်ကူအဆင်ပြေရေးအတွက် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့်တင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ဆင်ပေါင်ဝဲမြို့နယ်ဟာ ရပ်ကွက်သုံးရပ်ကွက်၊ လူဦးရေ ၅၀၀၀ ကျော်သာရှိပေမဲ့ ကျေးရွာ ၁၄၂ ရွာမှာ လူဦးရေ ၁၀၀၀၀၀ ကျော်၊ ကျေးလက်လမ်းအမည်ပေါက် ၉၁ လမ်း၊ လမ်းမိုင်အရှည် ၄၀၀ ကျော်ရှိနေတာက မြို့နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကျေးလက်လမ်းကောင်းမွန်ရေးဆောင်ရွက်ဖို့ များစွာလိုအပ်နေသေးကြောင်းကို ညွှန်းဆိုပြနေပါတယ်။ ဒါကတော့ ဘဏ္ဍာရေးနှစ်အလိုက် ကျေးလက်လမ်းဆောင်ရွက်ခဲ့မှု မှတ်တမ်းတွေဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရသက်တမ်းလေးနှစ်တာကာလအတွင်းမှာ ဆင်ပေါင်ဝဲမြို့နယ်အတွင်းမှာ ကျေးရွာချင်းဆက်လမ်းပေါင်းမိုင် ၁၂၀ လောက်အထိ ဆောင်ရွက်ခဲ့ပြီးဖြစ်တာကို ကျေနပ်ဖွယ်မြင်တွေ့ရမှာပဲ ဖြစ်ပါတယ်။ ဒါကတော့ မေးခွန်းပါ အင်ရုံ-နားပွဲ့-မောင်းတုန်းလမ်းအဝင်ဆိုင်းဘုတ်ဖြစ်ပါတယ်။ ဒီအင်ရုံ-နားပွဲ့-မောင်းတုန်းလမ်းဟာ လမ်းမိုင်အရှည် ၁၀ မိုင်ခန့်ရှိပြီးတော့ ကိုးပင်-သာဂရလမ်းကနေပြီးတော့ အင်ရုံ-နားပွဲ့-မောင်းတုန်းလမ်းခွဲအထိ လေးမိုင်ခန့်ရှိပြီးတော့ Class(A)အဆင့်ရှိတဲ့လမ်း ဖြစ်ပါတယ်။ ကျန်လမ်းခြောက်မိုင်ကတော့ Clas(C)အဆင့်ရှိတဲ့လမ်းဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ခုနှစ် ခြောက်လဘတ်ဂျက်မှာ လမ်းမိုင်နှစ်မိုင်ကျော် ဆောင်ရွက်နိုင်ခဲ့သလို အခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင်လည်း လမ်းမိုင်နှစ်မိုင်ဆက်လက်ဆောင်ရွက်ဖို့ ခွင့်ပြုရန်ပုံငွေပါပြီး ဖြစ်တာကြောင့်မို့လို့ Clas(A)အဆင့် လမ်းပိုင်းအားလုံးပြီးစီးသွားပေမဲ့ ကျန်ခြောက်မိုင်ကတော့ တိုးလိုးတန်းလန်း ကျန်ရှိနေတာပဲ ဖြစ်ပါတယ်။

ဒါဒီလမ်းပေါ်မှာရှိခဲ့တဲ့ ၂၀၁၅-၂၀၁၆ ခုနှစ်ကဆောက်လုပ်ခဲ့တဲ့ ကျေးလက်တံတားဖြစ်ပါတယ်။ ဒီလမ်းပေါ်မှာရှိတဲ့ ဒီတံတားကလည်း ပြုပြင်ထိန်းသိမ်းဖို့လိုအပ်နေတာဖြစ်ပါတယ်။ ဒါကတော့ ကျန်ရှိနေတဲ့လမ်းပိုင်းမှာတွေ့ရတဲ့ပုံတွေဖြစ်ပါတယ်။ ဒါလမ်းပုံတွေဖြစ်ပါတယ်။ လိုအပ်သောလမ်းမြေအကျယ်နေရာရရှိဖို့အတွက် အင်ရုံကျေးရွာ၊ နားပွဲ့ကျေးရွာ၊ မောင်းတုန်းကျေးရွာပြည်သူတွေက ယာခင်းရှင်တွေကို ကိုယ်ထူကိုယ်ထနစ်နာကြေးပေးပြီး ဆောင်ရွက်ခဲ့ရတဲ့ကျေးရွာတွေဖြစ်ပါတယ်။ ဒါပေမဲ့ ဘဏ္ဍာရေးနှစ်အလိုက် တစ်ဆက်တစ်စပ်တည်းလမ်းပိုင်းပါလာတာမဟုတ်ဘဲနဲ့ လက်လီစိတ်ပြီးတော့ပါနေတဲ့အပေါ်မှာ ဒေသခံတွေကလည်း များစွာဘဝင်မကျဖြစ်နေကြရပါတယ်။ သို့ဖြစ်ပါ၍ ဆင်ပေါင်ဝဲမြို့နယ်အတွင်းမှာရှိတဲ့ အင်ရုံ-နားပွဲ့-မောင်းတုန်းလမ်းမှ ကျန်ရှိနေသော

လမ်းမိုင်ခြောက်မိုင်ခန့်အား မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကိုသိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေထက်ဝင်းမေးမြန်းထားတဲ့ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ အင်ရုံ-နားပဲ့-မောင်းတုန်းလမ်းမှ ကျန်ရှိနေသော လမ်းမိုင်ခြောက်မိုင်ခန့်အား မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးသွားနိုင်မည်ကို တိကျစွာသိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ အင်ရုံ-နားပဲ့-မောင်းတုန်းလမ်းအရှည်(၁၀)မိုင်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါတယ်။ အင်ရုံ-နားပဲ့-မောင်းတုန်း(လမ်းခွဲ)အထိ လမ်းအရှည်လေးမိုင်သည် လမ်းအဆင့်သတ်မှတ်ချက် Class(A)၊ ဦးစားပေးအဆင့်(၂)လမ်းစာရင်းတွင်ပါဝင်ပါသဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ လမ်းအရှည် နှစ်မိုင်ကို မြေနီကျောက်စရစ်ခင်းဆောင်ရွက်ခဲ့ပြီးတော့ ကျန်ရှိနေတဲ့ လမ်းအရှည်နှစ်မိုင်ကို မြေသားတာပေါင် ၄၀ ပေချဲ့ခြင်းနှင့် အကျယ် ၁၈ ပေမြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ယခုဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါမောင်းတုန်း(လမ်းခွဲ)မှ အခြားကျေးရွာများသို့ ဆက်သွယ်ထားတဲ့ ကျေးလက်လမ်းအရှည်ခြောက်မိုင်သည် လမ်းအဆင့်သတ်မှတ်ချက် Class(C)၊ ဦးစားပေးအဆင့်(၁) လမ်းစာရင်းတွင်ပါဝင်ပါသဖြင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ဖို့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နောက်ပိုင်းကာလများမှာ ပြည်ထောင်စုရန်ပုံငွေ၌ ထည့်သွင်းလျာထားပြီး နှစ်အလိုက်ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီနေ့အတွက်မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခဏ္တရပ်နားမှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွါနိုင်ပါပြီခင်ဗျား။

**အချိန်၊ ၁၁:၅၅**။

မူကြမ်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ ခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီကတင်သွင်းသည့် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီကတင်သွင်းသော နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်ခွင့်နှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ (၁၈-၂-၂၀၂၀ ရက်နေ့)တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့်အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၀-၂-၂၀၂၀ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်တောင်းခံခဲ့ရာ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးကော်မတီ၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၊ ပြင်ဆင်ချက်အဆိုတင်သွင်းတဲ့ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုနဲ့ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်တို့က ပြန်လည်စိစစ်ခဲ့ကြပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း သဘောတူကြောင်း တင်ပြလာပါတယ်။ ဒါကြောင့် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်ခွင့်နှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်ခွင့်နှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို

ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း၊**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်မရှိအတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများကို အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်မရှိ အတည်ပြုပြီးနောက် ၆-၃-၂၀၂၀ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(ဂ)နှင့်(ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိပြန်လည်ပေးပို့သော တရားလွှတ်တော်ရှေ့နေများကောင်စီရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေများကို အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်မရှိအတည်ပြုပြီးနောက် ၂၃-၃-၂၀၂၀ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(ဂ)နှင့်(ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၉) ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့တွင် တင်သွင်းခဲ့တဲ့ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးက အမည်စာရင်းတင်သွင်းထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုးကို ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မအနေနဲ့ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့အစီရင်ခံစာ(၁/၂၀၂၀)ကို ဆွေးနွေးမှာဖြစ်ပါတယ်။ ကျွန်မတို့အစီရင်ခံစာ (၂/၂၀၁၉)မှာပါတဲ့ ပြီးစီးမှုရာခိုင်နှုန်းထက်များစွာ တိုးတက်လာတဲ့အကြောင်း သုံးသပ်ရတဲ့အတွက်ကြောင့်မို့လို့ ကြိုဆိုပါတယ်။ ကျေးဇူးလည်း အများကြီးတင်ပါတယ်။ ကျွန်မအနေနဲ့ အချက်နှစ်ချက် ဆွေးနွေးလိုပါတယ်။ ပထမအချက်အနေနဲ့ ကတော့ အစီရင်ခံစာရဲ့ အပိုဒ် ၄ အပိုဒ်ခွဲ(က)မှာပါတဲ့ အတည်ပြုအဆို ၇၀ ခုရှိပြီး လုပ်ငန်းပြီးစီးမှု ၂၁ ခု၊ ဆောင်ရွက်ဆဲ ၄၉ ခုထဲမှာမှ အတည်ပြုပြီးသားအဆိုတစ်ခုဖြစ်တဲ့ ဦးမြင့်သိန်း၊ ဝက်လက်မဲဆန္ဒနယ်ရဲ့ နိုင်ငံတော်အတွက်ရသင့်ရထိုက်တဲ့အခွန်အကောက်များ အပြည့်အဝရရှိရေးအတွက် ပွင့်လင်းမြင်သာစွာဖြင့် စနစ်တကျစိစစ်ကြပ်မတ်ကောက်ခံပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်ပတ်သက်ပြီး ဆောင်ရွက်ထားမှုတွေကို အသေးစိတ်ဖော်ပြထားတဲ့ အတွက်ကြောင့်မို့လို့ ကြိုဆိုပါတယ်။ ကျွန်မတို့ကိုယ်စားလှယ်တွေက လွှတ်တော်အတွင်းမှာ ဆွေးနွေးလိုက်တဲ့အဆိုတွေ၊ မိမိတင်သွင်းလိုက်တဲ့အဆိုတွေက မှတ်တမ်းတင်သည်ဖြစ်စေ၊ အတည်ပြုသည်ဖြစ်စေ ဝန်ကြီးဌာနတွေအနေနဲ့ ဘာလုပ်နေလဲဆိုတာကို မသိရတဲ့အခါမှာ အင်မတန်မှအားပြတ်ရပါတယ်။ ယခုလိုမျိုးဆွေးနွေးတာက ဒီလိုမျိုးအစီရင်ခံစာမှာ ဦးမြင့်သိန်း၊ ဝက်လက်မဲဆန္ဒနယ်ရဲ့အဆိုကို တင်ပြသလိုမျိုးပဲ အခြားအဆိုတွေကိုလည်းပဲ သက်ဆိုင်ရာ ကိုယ်စားလှယ်တွေကို အကြောင်းကြားတာမျိုးလုပ်သင့်ပါတယ်။ ပြီးတော့ ဒီဟာတွေက နိုင်ငံတော် အတွက်လိုအပ်တဲ့ အရေးကြီးတဲ့အချက်အလက်တွေကို ဆွေးနွေးတာဖြစ်တဲ့အတွက် နိုင်ငံသူ နိုင်ငံသားတွေလည်း သိသင့်သိထိုက်ပါတယ်။ သိချင်ပါတယ်။ ဒါမှသာ ကျွန်မတို့ လွှတ်တော်ကြီးက ဘာတွေလုပ်နေပြီး ဘာတွေဆောင်ရွက်နေပြီလဲဆိုတာကို ပြည်သူတွေလည်း သိနိုင်မှာဖြစ်ပါတယ်။

အစည်းအဝေးဘယ်နှစ်ကြိမ်ကျင်းပတယ်ဆိုတာက ပြည်သူတွေစိတ်ဝင်စားတဲ့ကိစ္စမဟုတ်ပါဘူး။ ဘယ်နှစ်ကြိမ်ပဲကျင်းပသည်ဖြစ်စေ ဒီလွှတ်တော်ကြီးကနေပြီး ဘာတွေအတည်ပြုပြီး ဘာတွေ ဆောင်ရွက်လိုက်ပြီလဲ။ ဝန်ကြီးဌာနတွေက ဘယ်လိုဆောင်ရွက်လိုက်ပြီလဲဆိုတဲ့ကိစ္စကို ပြည်သူက သိချင်တာဖြစ်ပါတယ်။

သို့အတွက်ကြောင့်မို့လို့ အောင်မြင်ပြီးသား၊ ဘာတွေဆောင်ရွက်နေပြီးသားဆိုတဲ့ အချက်အလက်တွေကို ပြည်သူ့လွှတ်တော် Website တွေကနေပဲဖြစ်ဖြစ်၊ ကော်မတီရဲ့ Website တွေကနေပဲဖြစ်ဖြစ် ဒါမျိုးတွေကို အစီရင်ခံတဲ့အခါ ကျွန်မတို့ပြည်သူတွေကလည်း ဝမ်းမြောက်မှာဖြစ်ပါတယ်။ ကျွန်မတို့လွှတ်တော်ကိုယ်စားလှယ်တွေဆိုလို့ရှိရင်လည်း လွှတ်တော် Intranet တို့၊ Share Point တို့ကနေပြီးတော့ ဒီသတင်းအချက်အလက်တွေ ဝေမျှနေတာရှိပါတယ်။ Email ပို့တာတွေလည်းရှိပါတယ်။ လွှတ်တော် ကတိကဝတ်ကော်မတီကို အစီရင်ခံသလိုမျိုးပဲ ကျွန်မတို့ရဲ့ သက်ဆိုင်ရာအဆိုရှင်တွေ၊ သက်ဆိုင်ရာမေးခွန်းရှင်တွေအပေါ်မှာလည်း ဒါကို ဝန်ကြီးဌာနအနေနဲ့ ပြန်ပို့တာဖြစ်ဖြစ်၊ ဒါမှမဟုတ် ကော်မတီကနေတစ်ဆင့် ပြန်ပြီးတော့သတင်းပို့တာမျိုးပဲဖြစ်ဖြစ် ဆိုလို့ရှိရင်လည်း ကျွန်မတို့ အင်မတန်အဆင်ပြေဝမ်းမြောက်မှာဖြစ်ပါတယ်။ ကျွန်မအနေနဲ့ စိုးရိမ်တာတစ်ခုက အဆိုတွေအပေါ် ဝန်ကြီးဌာနရဲ့အကောင်အထည်ဖော်နေတဲ့အပိုင်းမှာ တချို့အဆိုတွေက ရေရှည်ဆောင်ရွက်ရမယ်ဆိုတာမှန်ပါတယ်။ ရေရှည်ဆောင်ရွက်ပြီဆိုရင်လည်း ဘယ်အဆင့်မှာ ဘယ်လောက်ထိဆောင်ရွက်ပြီးပြီလဲ။ ဘယ်နှစ်ပိုင်းအထိအောင် ဘယ်လိုရည်ရွယ်ထားသလဲဆိုတဲ့ အချက်အလက်တွေပါ ဝန်ကြီးဌာနတွေကနေပြီးတော့ လွှတ်တော်ကော်မတီရော၊ အဆိုရှင်တွေအပေါ်ကိုရော အကြောင်းကြားနေဖို့ လိုအပ်ပါတယ်။ ကျွန်မ မကြာခင်ကတင်သွင်းခဲ့တဲ့ သုံးနှစ်နှင့် ငါးနှစ်အရွယ် မူကြိုကလေးတွေအတွက် အရည်အသွေးပြည့်ဝတဲ့ မူကြိုရရှိရေးဆိုတဲ့ အဆိုဟာလည်း အောင်မြင်ထားတဲ့အဆိုဖြစ်ပါတယ်။ အတည်ပြုထားတဲ့အဆိုဖြစ်ပါတယ်။ ကျွန်မက ဝန်ကြီးဌာနကတာဝန်ရှိတဲ့သူကို အဆိုနှင့်ပတ်သက်ပြီး မေးတဲ့အခါကျတော့ အရင်တုန်းက မူကြိုကလေးတစ်ယောက်ကို ၃၅၀ ပေးတာကနေပြီးတော့ အခု ၅၀၀ တိုးပါတယ်။ ဒီလိုစီစဉ်ပါတယ်လို့ ပြောတော့ အင်မတန်စိတ်ပူပါတယ်။ ကျွန်မတို့နိုင်ငံမှာ မူကြိုကလေးတွေဟာ တစ်နိုင်ငံလုံး လွှမ်းခြုံလာခြင်းမရှိပါဘူး။ ကျွန်မတို့ လူသားအရင်းအမြစ်အကန့်အသတ်ရော၊ ဘဏ္ဍာငွေအကန့်အသတ်ရောအရ ဒီလိုမျိုးလွှမ်းခြုံနိုင်ခြင်းမရှိသေးတာကို ချဲ့ထွင်စေလိုတာဖြစ်ပါတယ်။ အခုလက်ရှိထိ စံပြမူကြိုရနေပြီးသားဆိုတာက လက်တစ်ဆုပ်စာပဲရှိတာပါ။ အင်မတန်နည်းတဲ့ ပမာဏပဲဖြစ်ပါတယ်။

အဲဒီနည်းနေတဲ့အခွင့်အရေးရပြီးသားလူတွေကိုပဲ ပိုမိုအခွင့်အရေးရဖို့ ကျွန်မ အဆိုတင်သွင်းခဲ့တာမဟုတ်ပါဘူး။ ကျွန်မတို့ဟာ ဘဏ္ဍာငွေအကန့်အသတ်အရ ကန့်သတ်မယ်ဆိုလို့ရှိရင်

နိုင်ငံ့ဝန်ထမ်းတွေရဲ့သားသမီးတွေအတွက်ကို ဦးစားပေးပြီး ဘယ်လိုစီစဉ်မှာလဲ။ နိုင်ငံ့ဝန်ထမ်းတွေထဲမှာမှ ဆေးရုံ၊ ဆေးခန်းတွေမှာအလုပ်လုပ်နေရတဲ့ ကူးစက်ရောဂါအန္တရာယ်ကို စိုးရိမ်ရတဲ့ကလေးတွေကို လုပ်ငန်းခွင်ကိုခေါ်သွားလို့မရတဲ့ ကျန်းမာရေးဝန်ထမ်းတွေအတွက် ဦးစားပေးပြီးတော့ ဘယ်နှစ်ဘယ်အပိုင်းမှာ ဘယ်လိုစီစဉ်မယ်။ ကျွန်မတို့ဒီလို လိုချင်တာပါ။ ဒါမျိုးဆိုလို့ရှိရင် ကျွန်မတို့နိုင်ငံမှာလိုအပ်နေတဲ့ အချက်အလက်တွေကို ကျွန်မတို့ကိုယ်စားလှယ်တွေ အားလုံးဝိုင်းထောက်ပြဆွေးနွေးလိုက်တဲ့အပေါ်မှာလည်း အကောင်အထည်ပေါ်တာက တည့်မတ်မှာဖြစ်ပါတယ်။ အခုဟာ ဒီလိုမျိုး ၃၅၀ ပေးတာကနေပြီးတော့မှ ၅၀၀ တိုးပေးပြီးမှ ပေးမှမယ်ဆိုပြီး လက်ရှိရနေပြီးသားသူတွေကို အခွင့်အရေးတိုးပေးလိုက်မှာလား။ တလွဲအကောင်အထည်ဖော်မှာလားဆိုတာ အင်မတန်စိတ်ပူပါတယ်။ ဒီအတွက်ကြောင့်မို့လို့ ဒီလိုမျိုးအဆိုတွေ၊ မေးခွန်းတွေ အကောင်အထည်ဖော်တဲ့အပေါ်မှာ ကျွန်မတို့က ရေရှည်ဆောင်ရွက်သည်ဖြစ်စေကာမူ လက်ရှိဆောင်ရွက်နေတဲ့အနေအထားနဲ့ ရေရှည်ဆောင်ရွက်မယ့်အနေအထားမျိုးလေးကိုပါ ကိုယ်စားလှယ်တွေကိုပေးဖို့အတွက် ကော်မတီကနေတစ်ဆင့် အကူအညီတောင်းပါတယ်။ နောက်တစ်ခုကကျတော့ ဒီလွှတ်တော်အစီရင်ခံစာမှာ ကိုယ်စားလှယ်တွေနဲ့ တွေ့ခဲ့တဲ့အပိုင်းမှာ နောက်ဒုတိယအချက်အနေနဲ့ ဆွေးနွေးလိုတာဆိုလို့ရှိရင် ၂၀၁၄ ဘဏ္ဍာရေးနှစ်ကတည်းက အပြီးတည်ဆောက်မှာဖြစ်တဲ့ ကြံ့ကန်ဆေးရုံ(၁၆)ခုတင်ဆံ့ဆေးရုံ တည်ဆောက်ခြင်းလုပ်ငန်းနှင့်ပတ်သက်ပြီး အဆင်မပြေလို့ မေးခွန်းတွေအကြိမ်ကြိမ်မေးပါတယ်။

ကော်မတီကနေလည်း ကျွန်မကိုခေါ်ပြီးတော့ တွေ့ဆုံတာ ၁၁-၁၂-၂၀၁၈ ရက်နေ့မှာ တစ်ကြိမ်၊ ၄-၁၂-၂၀၁၈ ရက်နေ့မှာတစ်ကြိမ်၊ ၁၃-၇-၂၀၁၇ ရက်နေ့မှာတစ်ကြိမ် ကျွန်မတို့အဆင်မပြေတဲ့အတွက်၊ လွှတ်တော်ကတိကဝတ် အကောင်အထည်မဖော်တဲ့အတွက်ခေါ်ပြီးတော့ ကော်မတီမှာ တွေ့ပါတယ်။ ကော်မတီကိုယ်တိုင်ကလည်း ကျွန်မရဲ့မဲဆန္ဒနယ်ကို ကွင်းဆင်းပြီးဖြစ်ပါတယ်။ အဲဒီတော့ ဒီ ၁၀၀ ရာခိုင်နှုန်းမပြီးစီးဘဲနဲ့ အကုန်လုံး ၁၀၀ ရာခိုင်နှုန်းထုတ်ပေးလိုက်တဲ့ ဝန်ထမ်းတွေကို အရေးယူမှုအပိုင်းရော၊ ဒီဆေးရုံကြီးပြီးအောင်တည်ဆောက်တဲ့အပိုင်းပါ အခုအချိန်ထိကို ဒီတိုင်းပဲရှိနေပါသေးတယ်။ တကယ်လို့ ကျွန်မတို့က ကော်မတီကနေ အကြိမ်ကြိမ်တွေ့ဆုံပြီး ကိုယ်တိုင်တောင်မှပဲ ကွင်းဆင်းထားတဲ့ကိစ္စမျိုးတွေ လွှတ်တော်ကတိကဝတ်တွေကို အခုထိအောင်မှ အကောင်အထည်မဖော်ဘဲ ပျက်ကွက်ခွင့်ရနေတာကတော့ အင်မတန်စိတ်ပျက်မိပါကြောင်းနဲ့ ဒါမျိုးတွေကိုလည်း ကော်မတီအနေနဲ့ ပိုမိုပြီးတော့ ကြီးကြပ်ဆောင်ရွက်ပေးဖို့အတွက် အကူအညီတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဝင်းမင်းထွန်းကို ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးဝင်းမင်းထွန်း(တပ်မတော်သားကိုယ်စားလှယ်)။** ။ အားလုံးမင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ ဗိုလ်မှူးဝင်းမင်းထွန်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့အစီရင်ခံစာနှင့်ပတ်သက်ပြီး တော့မှ အကြံပြုထောက်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အစီရင်ခံစာမှာ စာပိုဒ် ၂၇ ခုနှင့် နောက်ဆက်တွဲဇယားများပါရှိသလို ကတိဖြစ်ခဲ့တဲ့မေးခွန်းအဆိုတွေနဲ့ပတ်သက်ပြီးတော့မှ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များရဲ့ ဆောင်ရွက်ချက်တွေကို DVD နှင့်ထည့်သွင်းပေးထား၍ ပြည့်စုံမှုရှိလာတဲ့အတွက် ကော်မတီရဲ့ဆောင်ရွက်ချက်ကို အသိအမှတ်ပြုရမှာဖြစ်ပါတယ်။ လိုအပ်ချက်တချို့ကိုတော့ အပြုသဘောဖြင့် ထောက်ပြအကြံပြုလိုပါတယ်။ စာပိုဒ် ၇ မှာ ကော်မတီဟာ ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ တပ်မတော်စက်ရုံသုံးခုကို သွားရောက်လေ့လာခဲ့ကြောင်း ဖော်ပြထားပြီးတော့မှ လေ့လာတွေ့ရှိချက်နှင့် အကြံပြုချက်တွေပါရှိတဲ့ အစီရင်ခံစာကို ဥက္ကဋ္ဌထံမှာတင်ပြထားကြောင်း ဖော်ပြထားပါတယ်။ တွေ့ရှိချက်တွေကိုလည်း ကော်မတီရဲ့အစီရင်ခံစာမှာ ထည့်သွင်းဖော်ပြစေချင်ပါတယ်။ သို့မှသာ တပ်မတော်အနေနဲ့ နိုင်ငံတော်ရဲ့စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး သွင်းကုန်လိုအပ်ချက်နှင့် အလုပ်အကိုင်ရရှိရေးတို့ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်ပေးနေတာကို သိရှိနိုင်မှာဖြစ်ပါတယ်။ အဲဒီစက်ရုံတွေကြောင့် နိုင်ငံခြားငွေ ယိုပေါက်သက်သာမှုရှိကာ ပြည်ပအားကိုးရတဲ့အချို့အခြေအနေတွေမှ ကင်းဝေးကြောင်း သိရှိစေခြင်းအားဖြင့် တပ်မတော်အပေါ်အထင်အမြင်လွဲမှားပြီးတော့မှ မကောင်းမြင်ဝါဒရှိသူတွေအနေနဲ့ တပ်မတော်က နိုင်ငံတော်နှင့်ပြည်သူတွေအပေါ်မှာ အမှန်တကယ်ကောင်းကျိုးဆောင်ရွက်ပေးနေမှုတွေကို သိရှိနားလည်နိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စာပိုဒ် ၉ မှာ လွှတ်တော်ကိုယ်စားလှယ်ရဲ့တိုင်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်အတွင်းမှာရှိတဲ့ အရက်ချက်စက်ရုံများထဲမှ ရွှေအိုးအရက်ချက်စက်ရုံလုပ်ငန်းလည်ပတ်ပုံအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးခဲ့ပြီးတော့မှ အခြားစက်ရုံတွေကိုလည်း ရွှေအိုးအရက်ချက်စက်ရုံကဲ့သို့ သဘာဝပတ်ဝန်းကျင်မထိခိုက်အောင် ဆောင်ရွက်နိုင်တဲ့ နည်းပညာသုံးစက်ရုံများဖြစ်လာအောင် ဆောင်ရွက်သင့်ကြောင်းနှင့် အကြံပြုချက်များပေးထားတာကို ဖော်ပြထားပါတယ်။ တိုင်ကြားခံရတဲ့စက်ရုံတွေကို ဖော်ပြထားခြင်းမရှိတဲ့အတွက် ဖော်ပြပေးရန်လိုအပ်ကြောင်း အကြံပြုလိုပါတယ်။ ဒါ့အပြင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်အောင်ဆောင်ရွက်နေတဲ့ စက်ရုံကြီးမည်မျှရှိနေပါသလဲလို့ မေးခွန်းထုတ်စရာဖြစ်စေပါတယ်။ ၂၉-၁၁-၂၀၁၆ ရက်နေ့က ပြည်သူ့လွှတ်တော်မှာဆွေးနွေးခဲ့တဲ့ ဦးအောင်ကျော်ကျော်ဦး၊ လှိုင်မဲဆန္ဒနယ်ရဲ့ လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်ရန် ဆုံးဖြတ်ခဲ့တဲ့အဆိုနှင့်ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီးရဲ့ဖြေကြားချက်နှင့် ၂၀၁၆ ခုနှစ်၊ မေလ ၂၇ ရက်နေ့မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဦးဆောင်ပြုလုပ်တဲ့ ညှိနှိုင်းအစည်း

အဝေးတွေမှာ စံချိန်စံညွှန်းမမီတဲ့ အရက်ချက်စက်ရုံတွေကို သက်ဆိုင်ရာဌာနမှာ စစ်ဆေးပြီးတော့မှ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်တွေနဲ့မကိုက်ညီပါက ပိတ်သိမ်းနိုင်ရေးဆုံးဖြတ်ချက်များ ချမှတ်ထားရှိခဲ့ကြောင်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။ ၂၀၁၆ ခုနှစ်ကတည်းက ညွှန်ကြားချက်၊ ဆုံးဖြတ်ချက်တွေကို စက်ရုံတွေအနေနဲ့ လေးနှစ်တာကာလတိုင် ပြုပြင်နိုင်ခြင်းမရှိသေးသလို သက်ဆိုင်ရာဝန်ကြီးဌာနတွေအနေနဲ့ကလည်း ဖြေကြားချက်နှင့်အညီ ကြပ်မတ်မှုမရှိကြောင်း ပေါ်လွင်နေပါတယ်။ ဒါ့အပြင် ၁၅-၃-၂၀၁၉ ရက်နေ့မှာပြဋ္ဌာန်းလိုက်တဲ့ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးဆိုင်ရာဥပဒေကိုပါ လိုက်နာရန်လိုအပ် လာမှာဖြစ်တဲ့အတွက် ကော်မတီအနေနဲ့ စစ်ဆေးပြီးတော့မှ အကြံပြုချက်တွေပေးသင့်သကဲ့သို့ လိုက်နာမှုမရှိတဲ့စက်ရုံတွေနဲ့ ဟန်ပြစစ်ဆေးပြီးတော့မှ ခွင့်ပြုချက်ပေးနေတဲ့ အကျင့်ပျက်ဝန်ထမ်း တွေကိုပါ ထိရောက်စွာအရေးယူနိုင်ရေး အကြံပြုသင့်ပါတယ်။ စာပိုဒ် ၁၅ မှာ အကြောင်း အမျိုးမျိုးကြောင့် ကတိအတိုင်းဆောင်ရွက်မှုမရှိတဲ့ လုပ်ငန်းတွေနဲ့ပတ်သက်ပြီးတော့မှ ကိုယ်စားလှယ်တွေရဲ့ တိုင်ကြားချက်အပေါ်မှာ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းတွေကို ကော်မတီသို့ဖိတ်ကြားပြီးတော့မှ ပေါင်းစပ်ညှိနှိုင်းပေးခြင်း (၄၉)ကြိမ်ဆောင်ရွက်ခဲ့တာ တွေ့ရတဲ့ အတွက် အသိအမှတ်ပြုရမှာဖြစ်ပါတယ်။ အစီရင်ခံစာအရ ပထမအကြိမ် ပုံမှန်အစည်းအဝေးကနေ ယနေ့အချိန်အထိ မေးခွန်းအများဆုံးမေးမြန်းခံရပြီးတော့မှ ကတိကဝတ်မဖြစ်တဲ့ ဝန်ကြီးဌာနတွေ ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန တို့ပဲဖြစ်ကြပါတယ်။ အဲဒီဝန်ကြီးဌာနတွေက အမှန်တကယ်မလုပ်နိုင်ဘဲနဲ့ ပြီးပြီးရောဆိုပြီး ကတိလာပေးတာလား၊ ဘတ်ဂျက်တွေတောင်းပြီးတော့ပဲ အလုပ်မလုပ်ဘဲနေနေတာလား မေးခွန်း တွေများလို့များ ဟုန်သွားတာလားစတဲ့ သုံးသပ်ချက်တွေပါထည့်သွင်းသင့်ကြောင်း အကြံပြု လိုပါတယ်။ အကြိမ်ကြိမ်ကတိပျက်ခဲ့တဲ့ ဝန်ကြီးဌာနတွေရဲ့ စွမ်းဆောင်ရည်သုံးသပ်ချက်တွေအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စုအစိုးရသို့ ထိန်းသိမ်းကြပ်မတ်ပေးနိုင်ရေး တင်ပြသင့်ကြောင်း အကြံပြုလိုပါတယ်။ သို့မှသာ လွှတ်တော်ရဲ့လုပ်ငန်းတွေဖြစ်တဲ့ အပြန်အလှန် ထိန်းကျောင်းခြင်းတာဝန်တွေ ပိုမိုပီပြင်လာမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စာပိုဒ် ၁၈ မှာ ဝန်ကြီးဌာနအချို့က ကတိဖြစ်ခဲ့တဲ့အဆိုနဲ့မေးခွန်းတွေကို ကတိအဖြစ်မှပယ်ဖျက်ပေးရန် တောင်းဆိုမှုများရှိပါကြောင်း အချို့သောအဆိုတွေဟာ ရေရှည် ဆောင်ရွက်ရမယ့်လုပ်ငန်းတွေဖြစ်ပါသဖြင့် ကတိမှပယ်ဖျက်ပေးရန် မဖြစ်နိုင်ကြောင်းဖော်ပြထား ပါတယ်။ အဆိုအချို့က ရေရှည်ဆောင်ရွက်ရမယ့်လုပ်ငန်းတွေဖြစ်သလို ဘဏ္ဍာငွေလိုအပ်ချက်၊ လူသားအရင်းအမြစ် လိုအပ်ချက်၊ နည်းပညာလိုအပ်ချက်၊ စက်ပစ္စည်းလိုအပ်ချက်၊ ဥပဒေပိုင်းဆိုင်ရာ

ကန့်သတ်ချက်တွေရှိနေနိုင်ပါတယ်။ အဲဒီလိုလိုအပ်ချက်တွေကြောင့် ဝန်ကြီးဌာနအနေနဲ့ အောင်မြင်အောင်ဆောင်ရွက်ရန် ခက်ခဲမှုမျိုးတွေရှိနိုင်တဲ့အတွက် ကော်မတီအနေနဲ့ အပြန်အလှန်သုံးသပ်သင့်သလို အောင်မြင်အောင်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါက အစိုးရရဲ့ငါးနှစ်တာဆောင်ရွက်ချက်ကို ထိခိုက်စေနိုင်ပါတယ်။ ကတိတွေကိုပယ်ဖျက်ခြင်းမပြုခဲ့ပါကလည်း နောင်လာမယ့်အစိုးရအတွက် ဝန်ထုပဝန်ပိုးများ ချန်ထားခဲ့သလိုဖြစ်စေနိုင်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ အပြန်ပြန်အလှန်လှန် ညှိနှိုင်းဆွေးနွေးပြီးတော့မှ လိုအပ်ပါက လွှတ်တော်သို့ချပြဆွေးနွေးကာ ကတိအဖြစ်မှအမှန်တကယ်ပယ်ဖျက်ပေးရန် လိုအပ်မှုရှိပါက ဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြုလိုပါတယ်။ အတည်ပြုပြီး တဲ့အဆိုတွေအနက်က အကြောင်းအရာဆင်တူနေတဲ့ ဆက်စပ်မှုရှိတဲ့၊ Overleap ဖြစ်နေတဲ့ အဆိုတွေအပေါ်မှာ ပြည်ထောင်စုဝန်ကြီးများရဲ့ ဆောင်ရွက်ချက်၊ အဆိုတစ်ခုချင်းစီအတွက် အကောင်အထည်ဖော်နိုင်မှုနဲ့ နှိုင်းယှဉ်ချက်၊ ကွင်းဆက်မိအောင်ဆောင်ရွက်နိုင်မှုတို့အပေါ်မှာ လိုအပ်ချက်တွေရှိပါက ကော်မတီအနေနဲ့ လေ့လာစိစစ်စစ်ဆေးပြီးတော့မှ အကြံပြုထောက်ပြသင့်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်များအနေနဲ့ မိမိတို့ဒေသနဲ့ပြည်သူလူထုအတွက် အမှန်တကယ်လိုအပ်ချက်တွေကို တင်ပြဆောင်ရွက်ပေးပါမယ်ဆိုပြီးတော့မှ မဲဆန္ဒရှင်ပြည်သူတွေကို ကတိကဝတ်ပြုကြရပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနတွေအနေနဲ့ကလည်း ကိုယ်စားလှယ်တွေရဲ့မေးမြန်းချက်တွေကို ဆောင်ရွက်ပေးနိုင်/မနိုင် ကတိကဝတ်ပြုကြရတာဖြစ်ပါတယ်။ ထို့အတူ ကော်မတီကလည်း ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ကတိကဝတ်ပြုဝန်ခံထားတဲ့ တာဝန်ခံထားတဲ့လုပ်ငန်းတွေကို ညှိနှိုင်းစစ်ဆေးစိစစ်ဆောင်ရွက်ပါမယ်လို့ လွှတ်တော်ကို ကတိကဝတ်ပြုတာဝန်ခံရတာဖြစ်ပါတယ်။ ကတိသစ္စာတည်သောခါဝယ် ဩဇာလေးနက်ပေါ်ဆီတက်၍ နွယ်မြက်သစ်ပင် ဆေးဘက်ဝင်၏ဆိုတဲ့စကားအတိုင်း ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်တွေက ကတိကဝတ်ပြုခဲ့တဲ့လုပ်ငန်းကိစ္စတွေကို ကတိတည်ကြည်စွာဖြင့်ဆောင်ရွက်ပေးရန်လိုအပ်သလို ရလဒ်ကောင်းများထွက်ပေါ်ဖို့အတွက် ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများက အကောင်အထည်ဖော်ဆောင်ရွက်ပေးရမှာဖြစ်သလို ကော်မတီအနေနဲ့ကလည်း ၎င်းတို့ကြားမှာ အတတ်နိုင်ဆုံးထိန်းညှိဆောင်ရွက်ပေးမှသာပြည်ထောင်စုအစိုးရအပေါ်မှာ ယုံကြည်မှုမြင့်မားလာပြီးတော့မှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်စေမှာဖြစ်ကြောင်း လေးစားစွာဖြင့် အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီက ပြန်လည်ရှင်းလင်းရန်ရှိက ရှင်းလင်းဖို့ဖြစ်ပါတယ်။

မူကြမ်း

**ဦးငြိမ်းသစ်(အဖွဲ့ဝင်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာသူ အားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ အဖွဲ့ဝင် မန္တလေး တိုင်းဒေသကြီး၊ မဟာအောင်မြေမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငြိမ်းသစ် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေး မတ်လ ၂၃ ရက်နေ့ကတင်သွင်းခဲ့တဲ့ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ အစီရင်ခံနဲ့ပတ်သက်ပြီးတော့ ရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။ အခု ကျွန်တော်တို့အစီရင်ခံစာနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးပေးတဲ့ ဒေါ်အေးမြမြမျိုးနဲ့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဝင်းမင်းထွန်းတို့ကို အထူးပဲကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ကတိဖြစ် မေးခွန်းတွေနဲ့ပတ်သက်ပြီးတော့ ဝန်ကြီးဌာနတွေနဲ့ပေါင်းစပ်ညှိနှိုင်းမှုအစည်းအဝေး ၂၇ ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒေါ်အေးမြမြမျိုးတင်ပြသွားတဲ့အတိုင်းပဲ အဆိုနဲ့ပတ်သက်ပြီးတော့ ညှိနှိုင်း ဆွေးနွေးနိုင်ခြင်းမရှိသေးပါဘူး။ ဒါကိုလည်းပဲ (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ကျွန်တော်တို့ ဆောင်ရွက်သွားပါ့မယ်။ အဆိုတွေက များသောအားဖြင့် ချက်ချင်းမပြီးမြောက်နိုင်တဲ့ကိစ္စတွေ ဖြစ်ပါတယ်။ ရေရှည်ဆောင်ရွက်ရမှာတွေဖြစ်ပါတယ်။ နောင်လာမယ့်အစိုးရက ဆက်လုပ်ရမယ့် အဆိုများလည်းပဲ ဖြစ်ပါတယ်။

ဒါကြောင့် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာတော့ ဒီအဆိုနဲ့ ပတ်သက်ပြီးတော့ အဆို တင်သွင်းသူကိုယ်စားလှယ်ရယ်၊ နောက်ပြီးကျတော့ သက်ဆိုင်ရာဝန်ကြီးဌာနများရယ် ညှိနှိုင်း ပြီးတော့ ပေါင်းစပ်ဆောင်ရွက်ဖို့ရှိပါတယ်။ ဒေါ်အေးမြမြမျိုးပြောသွားတဲ့အတိုင်းပဲ ဆေးရုံ တည်ဆောက်မှုနဲ့ပတ်သက်လို့ လွှတ်တော်ကိုယ်စားလှယ်ရဲ့တင်ပြချက်အရ ကွင်းဆင်းစစ်ဆေးမှု တွေပြုလုပ်ပါတယ်။ ကွင်းဆင်းစစ်ဆေးမှုတွေလည်း ပြုလုပ်တယ်။ လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ကြားပြီးလည်းကောင်း၊ နောက် သက်ဆိုင်ရာဝန်ကြီးဌာနကို ဖိတ်ကြားပြီးလည်းကောင်း ကျွန်တော်တို့ ပေါင်းစပ်ညှိနှိုင်းမှုတွေလုပ်ပါတယ်။ ဒါပေမဲ့ ယနေ့အချိန်ထိ မပြီးပြတ်သေးတာ တွေ့ရပါတယ်။ အဲဒီအတွက်လည်း ကျွန်တော်တို့ ဆက်လက်ပြီးတော့ ဆောင်ရွက်သွားပါမယ်။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဆွေးနွေးတင်ပြချက်ကို ကျွန်တော်တို့ လက်ခံ ပါတယ်။ ကြိုဆိုပါတယ်။ တပ်မတော်အရပ်ဘက်စက်ရုံ၊ အလုပ်ရုံတွေကိုသွားရောက်ပြီးတော့ စစ်ဆေးပါတယ်။ ကြည့်ရှုပါတယ်။ လေ့လာပါတယ်။ အဲဒီတင်ပြချက်တွေကို အစည်းအဝေးထိုင် ပြီးတော့ အစီရင်ခံစာရေးတဲ့အခါမှာ ကျွန်တော်တို့ကော်မတီမှာ တပ်မတော်သားဗိုလ်မှူးချုပ်

တစ်ဦးနဲ့ လေ့လာသူဗိုလ်မှူးကြီးနှစ်ဦးပါဝင်ပါတယ်။ သူတို့နဲ့ပဲညှိနှိုင်းပြီးတော့ ကျွန်တော်တို့ အစီရင်ခံစာရေးပါတယ်။ နောက်နောင်လည်းပဲ အခုလို လွှတ်တော်တစ်ရပ်လုံး သိသင့်တဲ့ အချက်အလက်တွေ ပါဝင်တယ်ဆိုရင်လည်း ကျွန်တော်တို့ဆက်လက်ပြီးတော့ အစီရင်ခံစာမှာ ထည့်သွင်းရေးသားသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒေါ်အေးမြမြမျိုးပြောတဲ့အတိုင်းပဲ ဝန်ကြီးဌာနတွေကို နည်းနည်းကြပ်မတ်ပေးဖို့ဆိုတဲ့ကိစ္စမှာ ကျွန်တော်တို့ အကြံပြုစာရေးထားတာ ရှိပါတယ်။ အကြံပြုချက်(၃)မှာတော့ ဝန်ကြီးဌာနများအနေဖြင့် နိုင်ငံတော်သမ္မတရုံးညွှန်ကြား ချက်(၁/၂၀၁၇) တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင်ကြပ်မတ် ဆောင်ရွက်သင့်ကြောင်း အကြံပြုထားပါတယ်။ နောက် အကြံပြုချက်(၇)မှာ တော့ တင်ဒါအောင်မြင်ထားသောကုမ္ပဏီများက အဖွဲ့အစည်းများကို သတ်မှတ်ထားသော ဘဏ္ဍာရေးနှစ်အတွင်း သို့မဟုတ် ဝန်ကြီးဌာနနှင့်စာချုပ်ချုပ်ဆိုထားသော စာချုပ်ပါခွင့်ပြုချက် ကာလအတွင်း လုပ်ငန်းများမပြီးစီးပါက ထိရောက်စွာအရေးယူနိုင်ရန် အကြံပြုထားပါတယ်။ ဒါကတော့ ဒေါ်အေးမြမြမျိုးတင်ပြသွားတာကို ကျေးဇူးတင်ပါတယ်။ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်ရဲ့ တင်ပြချက်၊ ဒေါ်အေးမြမြမျိုးရဲ့တင်ပြချက်တွေကို ကျွန်တော်တို့ မှတ်တမ်းထားရှိ ပြီးတော့ လာမည့်ကော်မတီအစည်းအဝေးများမှာ အလေးအနက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးပါခင်ဗျား။

**ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန်အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အတည်ပြုချက်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ ရဲ့ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ယခုအစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်ကသဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံ ချက်များစိစစ်ရေးကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးဖုံးတိန့်(အတွင်းရေးမှူး၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံ ချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အတွင်းရေးမှူး ကချင်ပြည်နယ်၊ ချီဖွေ မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖုံးတိန့် ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့

မူကြမ်း

လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်း အဝေးမှ (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးထိ အတည်ပြုခဲ့တဲ့အဆို၊ ကတိဖြစ်ခဲ့တဲ့ ကြယ်ပွင့်ပြ မေးခွန်းနှင့် ကြယ်ပွင့်မပြမေးခွန်းများကို စိစစ်၍ တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များပါရှိတဲ့ ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ(၁/၂၀၂၀)ကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့တွင် ပြည်သူ့လွှတ်တော်တွင် အစီရင်ခံ တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါအစီရင်ခံစာနှင့်ပတ်သက်၍ ဆွေးနွေးမည့် လွှတ်တော် ကိုယ်စားလှယ်နှစ်ဦးက အမည်စာရင်းတင်သွင်းခဲ့ပြီး ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်တွင် ယခုလိုအကြံပြုဆွေးနွေးပေးတဲ့ လွှတ်တော်ကိုယ်စားလှယ်များကို အထူးကျေးဇူးတင်ရှိပါတယ်။ ဆွေးနွေးအကြံပြုချက်များကို ကော်မတီမှ မှတ်တမ်းထားရှိပြီး လိုအပ်ပါကကော်မတီ၏ ညှိနှိုင်း အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၀ အပိုဒ်ခွဲ(ဃ)နှင့်အညီ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာ အမှတ်စဉ်(၁/၂၀၂၀)ကို ပြည်သူ့လွှတ်တော်မှ သဘောတူလက်ခံအတည်ပြုပေးပါရန် လေးစားစွာဖြင့် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီရင်ခံစာကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့သဘောထားရယူပါ့မယ်။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်ကသဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြု ကြောင်း ကြေညာပါတယ်။

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေးဟာ ယနေ့ ပြီးဆုံးမှာဖြစ်ပါတယ်။ ဒီကာလအတွင်း အစည်းအဝေးကျင်းပရက် ၁၃ ရက်ရှိခဲ့ပြီး ကြယ်ပွင့်ပြ မေးခွန်း ၉၇ ခု မေးမြန်းဖြေကြားခြင်း၊ ကြယ်ပွင့်မပြမေးခွန်း ၇၅၇ ခု ဖြေကြားခြင်းများဆောင်ရွက်ခဲ့

ပါတယ်။ ဝမ်းနည်းကြောင်းအဆိုတစ်ခုအပါအဝင် အဆိုခြောက်ခုတင်သွင်းခဲ့ပြီး မှတ်တမ်းတင် အဆိုတစ်ခုနှင့် ဆက်လက်ဆွေးနွေးရန်ကျန်အဆို ငါးခုတို့ဖြစ်ပါတယ်။ ဆောင်ရွက်ခဲ့တဲ့ ဥပဒေကြမ်း ၂၂ ခုရှိပြီး၊ ဥပဒေကြမ်းခုနစ်ခုကို အတည်ပြုနိုင်ခဲ့ပါတယ်။ ဆက်လက်ဆောင်ရွက်ရန် ဥပဒေကြမ်း ၁၅ ခုကျန်ရှိပါတယ်။ ယခုအစည်းအဝေးကာလအတွင်း တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ခြောက်ဦးကတိသစ္စာပြုခြင်း၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးကော်မတီတို့တွင် ကော်မတီအဖွဲ့ဝင်များ အစားထိုးလဲလှယ်ဖွဲ့စည်းခြင်း၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးကို ကော်မတီများတွင် လေ့လာသူများအဖြစ် အစားထိုး လဲလှယ်တာဝန်ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် အစိုးရ၏ အာမခံချက်များ၊ ကတိ များနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကိုလည်း ဒီနေ့ပဲအတည်ပြုနိုင်ခဲ့ပါ တယ်။ သုတေသနဆိုင်ရာ ဆောင်ရွက်ချက်များအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၏ တစ်ဦးချင်း စုံစမ်းမေးမြန်းမှု ၄၃ ခု ပြန်ကြားပေးခြင်းနှင့် သုတေသနစာတမ်းတို ၁၂ စောင်ကို ဖြန့်ဝေနိုင်ခဲ့ ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိမိတို့ နိုင်ငံတော်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်ဖို့ မိမိတို့အားလုံးဟာ ဘက်စုံကဏ္ဍစုံမှာ စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြဖို့ အဓိက ကျပါတယ်။ နိုင်ငံတော်အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေး အာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲပြီး အချင်းချင်းအပြန်အလှန် ထိန်းညှိ၍ ညီညွတ်မျှတစွာ ဆောင်ရွက်ကြရေးဟာ အရေးကြီးလှပါတယ်။ ဥပဒေပြုရေးကဏ္ဍမှာ လည်း ပြည်သူလူထုအကျိုးစီးပွားကို ကာကွယ်မြှင့်တင်ပေးနိုင်တဲ့ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းခြင်းနှင့် ပြင်ဆင်သင့်၊ ပြင်ဆင်ထိုက်တဲ့ ဥပဒေတွေကိုလည်း ခေတ်နှင့်လျော်ညီအောင် ပြုပြင်ပြောင်းလဲသွား ကြရမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ပြီး နိုင်ငံ တစ်ဝန်းလုံး၌တည်သည်ဆိုပြီး မိမိတို့ရဲ့ နိုင်ငံတော်အခြေခံမူများမှာ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ပြည်သူ့အသံနှင့် ပြည်သူ့ဆန္ဒထင်ဟပ်စေဖို့ ဆောင်ရွက်ကြရာမှာ တိုင်းရင်းသားပြည်သူအားလုံး အေးအတူပူအမျှ ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာ နေထိုင်နိုင်ဖို့ စိတ်ရင်းစေတနာမှန်နဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးကို တည်ဆောက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအခါ မိမိတို့နိုင်ငံဟာ ပြည်တွင်း၊ ပြည်ပစိန်ခေါ်မှု ပြဿနာများစွာနဲ့ ရင်ဆိုင်နေရတဲ့အချိန်အခါသမယမှာ ကမ္ဘာအနှံ့ကူးစက်ပြန့်ပွားနေတဲ့ အသက်ရှူ လမ်းကြောင်းဆိုင်ရာရောဂါ(COVID-19)ကို ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ(Pandemic)အဖြစ် ကမ္ဘာ့ ကျန်းမာရေးအဖွဲ့(WHO)က သတ်မှတ်ကြေညာထားတဲ့ကာလနှင့်လည်း ကြုံတွေ့နေရပါတယ်။

မိမိတို့နိုင်ငံအနေနဲ့လည်း Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီကို ဖွဲ့စည်းပြီး ရောဂါကာကွယ်ရေးလုပ်ငန်းစဉ်အဆင့်ဆင့်ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါတယ်။ မိမိတိုပြည်သူတွေအပေါ် ဒီရောဂါရဲ့ အကျိုးသက်ရောက်မှုအနည်းဆုံးဖြစ်စေရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များကလည်း ကျရာကဏ္ဍမှာမလွဲမသွေ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးသွားကြရမှာဖြစ်ပါတယ်။ ပြည်သူသာလျှင် အဓိက ဆိုသည့်အတိုင်း သက်ဆိုင်ရာဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ COVID-19 နှင့် ပတ်သက်တဲ့ ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေး အချက်အလက်တွေကို နိုင်ငံတစ်ဝန်းလုံး လိုက်နာဆောင်ရွက်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိဂုံးချုပ်အနေနဲ့ မှာကြားလိုတာကတော့ လွှတ်တော်ရပ်နားထားစဉ်ကာလမှာ မိမိတို့ကို ရွေးချယ်တာဝန်ပေးလိုက်တဲ့ မဲဆန္ဒနယ်အသီးသီးမှ မဲဆန္ဒနရှင်ပြည်သူများထံ အရောက်သွားပြီး ပြည်သူ့အသံကို အလေးထားမှတ်သားနားထောင်ကြပါ။ ဒေသဖွံ့ဖြိုးရေးကိစ္စတွေမှာ စေတနာအပြည့်နှင့်ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါ။ ဥပဒေနှင့်အညီ မှန်ကန်စွာဆောင်ရွက်ကြပါ။ ပြည်ထောင်စုကြီးကိုသာ မျက်နှာမူပြီး ပါတီစွဲ၊ လူမျိုးစွဲ၊ ဝါဒစွဲတွေ မထားဘဲ ပြည်သူ့အကျိုးအတွက် ဦးစားပေးပြီး ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြပါ။ အရည်အချင်း ပြည့်ဝတဲ့ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့ အကျိုးစီးပွားကို စဉ်ဆက်မပြတ် ကာကွယ်မြှင့်တင်ဆောင်ရွက်ကြပါ။ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် ပြည်သူနှင့်အတူပူးပေါင်း ကာကွယ်ဆောင်ရွက်ပေးကြပါလို့မှာကြားလိုပါတယ်။ ကိုယ်စားလှယ်များရဲ့ လိုရာခရီးများ သွားလမ်းသာလို့ လာလမ်းဖြောင့်ကြပါစေ။ မိသားစုများ၊ ဆွေမျိုး၊ မိတ်ဆွေများနဲ့ ပျော်ရွှင်ချမ်းမြေ့စွာ ဆုံဆည်းနိုင်ကြပါစေ။ ပြည်သူ့အကျိုး ပိုမိုထမ်းဆောင်နိုင်ကြပါစေ။ ဆက်လက်ကျင်းပမယ့် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာလည်း ကျန်းမာရွှင်လန်းစွာနှင့် ပြန်လည်ဆုံတွေ့နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်လိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးပြီးစီးကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေး အောင်မြင်စွာပြီးစီးကြောင်း ကြေညာပါတယ်။

မှူကြမ်း

**အချိန်၊ ၁၂:၃၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၁၂:၃၀ နာရီအချိန်တွင် အောင်မြင်စွာကျင်းပပြီးစီးပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ (၂၅.၃.၂၀၂၀) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




Maj Genl Than Htut U Zone Taint




Maj Genl Than Htut U Ar Moe Si




U Hla Kyaw U Thant Zin Tun




U Hla Kyaw U Kyaw Min




U Hla Kyaw U Tin Ko Ko Oo





U Hla Kyaw U Myint Oo

-

pyithu.hluttaw.mm


Dr Kyaw Linn


U Khun Than Htoo

pyithu.hluttaw.mm


Dr Kyaw Linn


Daw Khin Saw Wai

pyithu.hluttaw.mm


Dr Kyaw Linn


U Khin Maung Myint

pyithu.hluttaw.mm


Dr Kyaw Linn


U Nay Htet Win

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်